International Labour Organization

# ကလေးအလုပ်သမားဆိုင်ရာ အီလက်ထရောနစ် သင်ကြားရေး အစီအစဉ် သင်ခန်းစာပေါင်းချုပ်

## အခန်းကြီး – ၄။ အရည်အသွေးပြည့်ဝသော ပညာရေးကို လွယ်ကူစွာရရှိရေး၏ အရေးပါမှု

ဤသင်ခန်းစာသည် ပညာရေးက ကလေးအလုပ်သမားများကို ကြိုတင်ကာကွယ်ရန်နှင့် ပြဿနာများကိုဖြေရှင်းရန် ကူညီပေးနိုင်မည့်အကြောင်းကို ကောင်းစွာနားလည်စေရန် ကူညီပေးပါလိမ့်မည်။



© အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ၂၀၂၄
ပထမအကြိမ်ထုတ်ဝေခြင်း ၂၀၂၄

Attribution 4.0 International (CC BY 4.0)

ဤစာအုပ်သည် Creative Commons ပိုင်ဆိုင်ခွင့်အမှတ် ၄.၀ နိုင်ငံတကာလိုင်စင်ဖြင့် ဆောင်ရွက်ခဲ့သော စာအုပ်ဖြစ်ပါသည်။ ဤလိုင်စင်မိတ္တူကိုကြည့်ရှုရန် ကျေးဇူးပြု၍ https://creativecommons.org/licences/by/4.0/ သို့ ဝင်ရောက်ကြည့်ရှုပါ။ အသုံးပြုသူများအနေဖြင့် ဤမူရင်းစာအုပ်ကို အခြေခံ၍ အသေးစိတ်ဖော်ပြထားသည့်အတိုင်း ပြန်လည်အသုံးပြုခြင်း၊ ဝေမျှခြင်း (ကူးယူခြင်းနှင့်ပြန်လည်ဖြန့်ဝေခြင်း)၊ လိုက်လျောညီထွေဖြစ်အောင် (ပြန်လည်ပေါင်းစပ်ခြင်း၊ အသွင်ပြောင်းခြင်းနှင့် လိုအပ်သလို ပြင်ဆင်အသုံးပြုခြင်းများ)ကို ခွင့်ပြုထားပါသည်။ အသုံးပြုသူသည် အိုင်အယ်လ်အို ကို ဤမူရင်းစာအုပ်၏ ပိုင်ရှင်အဖြစ် ရှင်းလင်းစွာ အသိအမှတ်ပြုဖော်ပြရမည် ဖြစ်ပြီး မူရင်းအကြောင်းအရာအား အပြောင်းအလဲများ ပြုလုပ်ထားခြင်း ရှိမရှိဖော်ပြရပါမည်။ ဘာသာပြန်ဆိုခြင်း၊ လိုအပ်သလိုပြင်ဆင်အသုံးပြုခြင်း သို့မဟုတ် ဆင့်ပွားလုပ်ဆောင်ခြင်းများ နှင့် ဆက်စပ်၍ အိုင်အယ်လ်အို ၏ အမှတ်တံဆိပ်၊ အမည်နှင့် လိုဂိုကို အသုံးပြုခြင်းအား ခွင့်မပြုပါ။

**မူရင်းပိုင်ဆိုင်မှု –** အသုံးပြုသူသည် အပြောင်းအလဲများ ပြုလုပ်ထားခြင်းရှိမရှိ နှင့် စာအုပ်ကို အောက်ပါအတိုင်း ကိုးကားဖော်ပြရမည်။ **ကလေးအလုပ်သမားဆိုင်ရာ အီလက်ထရောနစ်သင်ကြားရေး အစီအစဉ်သင်ခန်းစာပေါင်းချုပ်၊ သင်ခန်းစာ(၄) အရည်အသွေး ပြည့်ဝသောပညာရေးကို လွယ်ကူစွာရရှိရေး၏ အရေးပါမှု။** ရန်ကုန်၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့၊ ၂၀၂၄။ © ILO။

**ဘာသာပြန်ဆိုခြင်း–** ဤစာအုပ်ကို ဘာသာပြန်ဆိုမည်ဆိုပါက မူရင်းပိုင်ဆိုင်သူကိုဖော်ပြခြင်းနှင့်အတူ အောက်ဖော်ပြပါ မသက်ဆိုင်ကြောင်း ဖော်ပြ ချက်ကို ထည့်သွင်းဖော်ပြရမည်။ ဤစာအုပ်သည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (ILO) ၏ မူပိုင်ခွင့်ရထားသော ဘာသာပြန်ဆိုမှုဖြစ်သည်။ ဤဘာသာပြန်ဆိုမှုကို **ILO** မှ ပြင်ဆင်ထားခြင်း၊ ပြန်လည်သုံးသပ်ခြင်း သို့မဟုတ် ထောက်ခံထားခြင်း မဟုတ်ဘဲ **ILO** ၏ တရားဝင်ဘာသာပြန်ဆိုမှုအဖြစ် မယူဆနိုင်ပါ။ ဤဘာသာပြန်ဆိုမှုတွင် ပါဝင်သည့် အကြောင်းအရာများနှင့် တိကျမှုအတွက် **ILO** တွင် တာဝန်မရှိပါ။ ဘာသာပြန်ရေးသားသူ (များ) တွင်သာ တာဝန်ရှိပါသည်။

**လိုအပ်သလိုပြင်ဆင်အသုံးပြုခြင်း –** ဤစာအုပ်ကို လိုအပ်သလိုပြင်ဆင်အသုံးပြုမည်ဆိုပါက မူရင်းပိုင်ဆိုင်သူကိုဖော်ပြခြင်းနှင့်အတူ အောက်ဖော်ပြပါ မသက်ဆိုင်ကြောင်း ဖော်ပြချက်ကို ထည့်သွင်းဖော်ပြရမည်။ "ဤစာအုပ်သည် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ (ILO) ၏ မူရင်းစာအုပ်ကို လိုအပ်သလို ပြင်ဆင်အသုံးပြုထားခြင်းဖြစ်ပါသည်။ ဤသို့ပြောင်းလဲပြင်ဆင်ထားမှုများကို ILO မှ ပြင်ဆင်ထားခြင်း၊ ပြန်လည်သုံးသပ်ခြင်း သို့မဟုတ် ထောက်ခံအတည်ပြုပေးထားခြင်း မဟုတ်ဘဲ ILO ၏ တရားဝင် လိုအပ်သလိုပြင်ဆင်အသုံးပြုခြင်းအဖြစ် မယူဆနိုင်ပါ။ ပြောင်းလဲ ပြင်ဆင်အသုံးပြုခဲ့သူ သို့မဟုတ် ပြင်ဆင်သူများထံတွင်သာ အပြည့်အဝတာဝန်ရှိပါသည်။

**တိုက်ရိုက်ပါဝင်ပတ်သက်ခြင်းမရှိသည့် ပစ္စည်းများ –** ဤ Creative Commons လိုင်စင်သည် ဤထုတ်ဝေမှုတွင် ပါဝင်သော ILO မဟုတ်သော မူပိုင်ခွင့်ပစ္စည်းများနှင့် သက်ဆိုင်ခြင်းမရှိပါ။ အကယ်၍ ပါဝင်ပစ္စည်းများသည် ပြင်ပအဖွဲ့အစည်းနှင့် သက်ဆိုင်ပါက၊ အခွင့်အရေးများကို ကိုင်ဆောင်ထားသူများနှင့် ချိုးဖောက်မှုဆိုင်ရာ တောင်းဆိုချက်များအတွက် ထိုပစ္စည်းများကို အသုံးပြုသူများထံတွင်သာ အပြည့်အဝတာဝန်ရှိပါသည်။
ဤလိုင်စင်အောက်တွင် ပေါ်ပေါက်လာသော ငြိမ်းချမ်းစွာ ဖြေရှင်း၍မရသော အငြင်းပွားမှုမှန်သမျှသည် ကုလသမဂ္ဂ နိုင်ငံတကာ ကုန်သွယ်မှုဥပဒေ (UNCITRAL) ၏ အနုညာတစီရင်ဆုံးဖြတ်ခြင်းဆိုင်ရာ စည်းမျဉ်းများနှင့်အညီ ခုံသမာဓိဖြင့် စီရင်ဆုံးဖြတ်ခြင်းသို့ ရည်ညွှန်းမည်ဖြစ်ပါသည်။ အဆိုပါအငြင်းပွားမှု၏နောက်ဆုံး အဆုံးအဖြတ်အဖြစ် ခုံသမာဓိဖြင့်စီရင်ဆုံးဖြတ်ခြင်း၏ရလဒ်အဖြစ် တင်ပြသည့် မည်သည့်အနုညာတစီရင်ဆုံးဖြတ်မှုသည် အသုံးပြုသူများ၊ ပြင်ပအဖွဲ့အစည်းများနှင့်သာ အကျုံးဝင်ပါသည်။
အခွင့်အရေးများနှင့် လိုင်စင်ဆိုင်ရာကိစ္စရပ်များကို စုံစမ်းမေးမြန်းလိုပါက ILO ၏ ထုတ်ဝေမှုဆိုင်ရာဌာန (အခွင့်အရေးများနှင့် လိုင်စင်ဆိုင်ရာ ကိစ္စရပ် များ)၊ rights@ilo.org သို့ အီးမေးလ်ပို့၍ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။ ILO၏ ထုတ်ဝေမှုများနှင့် ဒစ်ဂျစ်တယ်ထုတ်ကုန်များဆိုင်ရာ အချက်အလက်များကို www.ilo.org/publns တွင် ရယူနိုင်ပါသည်။

---

ISBN: 9789220390160 (print); 9789220390177 (web PDF)
**English ဘာသာဖြင့်လည်းရနိုင်သည်:** E–learning programme on child labour pack.
ISBN: 9789220390146 (print); 9789220390153 (web PDF)

---

ILO ၏ထုတ်ဝေမှုများနှင့်သိမ်းဆည်းထားသောအချက်အလက်များတွင် ရွေးချယ်ခန့်ထားမှုများသည် ကုလသမဂ္ဂအဖွဲ့၏ အစဉ်အလာ သတ်မှတ်ချက်များနှင့် ကိုက်ညီပြီး ထည့်သွင်းဖော်ပြထားသည့် အကြောင်းအရာများသည် မည်သည့်နိုင်ငံ၊ ဧရိယာ သို့မဟုတ် နယ်ပယ် သို့မဟုတ် သက်ဆိုင်ရာအာဏာပိုင်များ၊ ယင်းနိုင်ငံ၏ နယ်နိမိတ် ကန့်သတ်ချက်များ နှင့်သက်ဆိုင်သော ဥပဒေအကြောင်းခြင်းရာများအပေါ်တွင် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ရုံး၏ထင်မြင်ယူဆချက်များကို ဖော်ပြထားခြင်း မဟုတ်ပါ။
ဤထုတ်ဝေမှုတွင် ဖော်ပြထားသော ထင်မြင်ယူဆချက်များနှင့် အမြင်များသည် စာရေးသူ(များ) ၏ အမြင်များဖြစ်ပြီး ILO ၏ ထင်မြင်ယူဆချက်များ၊ အမြင်များ သို့မဟုတ် မူဝါဒများကို သေချာပေါက် ထင်ဟပ်နေမှုများ မဟုတ်ပါ။
စီးပွားရေးလုပ်ငန်းများနှင့် စီးပွားဖြစ်ထုတ်လုပ်သော ကုန်ပစ္စည်းများ၊ လုပ်ငန်းစဉ်များ၏ အမည်များကို ကိုးကားဖော်ပြခြင်းများသည် ILO ရုံးမှ ထောက်ခံအတည်ပြုပေးထားခြင်းမဟုတ်ဘဲ ထိုသို့သော စီးပွားရေးလုပ်ငန်းများ၊ ကုန်ပစ္စည်းများ၊ လုပ်ငန်းများ၏ အမည်များကို မဖော်ပြခြင်းသည် လည်း သဘောမတူကြောင်း ပြသခြင်းမဟုတ်ပါ။

---

မျက်နှာဖုံးဓာတ်ပုံ – © ဗစ်တာ ဖလူရီ/အိုင်အယ်လ်အို
ရုပ်ပုံထည့်သွင်းဖော်ပြခြင်း © RICE Communication Private Limited၊ ရန်ကုန်၊ မြန်မာ။
မြန်မာနိုင်ငံတွင်ပုံနှိပ်သည်။

# ကျေးဇူးတင်လွှာ

ကလေးအလုပ်သမားဆိုင်ရာ အီလက်ထရောနစ် သင်ခန်းစာများကို အိုင်အယ်လ်အိုမှ အကြံပေးပုဂ္ဂိုလ် Birgitte Krogh-Poulsen, မှ အသေးစိတ် ပြင်ဆင်ထားသည်။ အိုင်အယ်လ်အို ဆက်သွယ်ညှိနှိုင်းရေးအရာရှိရုံးမှ ဝန်ထမ်းများဖြစ်ကြသော စီလင်းဘာနဲစာ (နည်းပညာအကြံပေးအရာရှိ)၊ လဲ့ကေခိုင်၊ စောဆာကပေါ၊ ခွန်ဆာမွန်းထွယ်၊ နော်မူးမူစိုး၊ ပီရာမာ(လ်)ပီချိုင်ဝန်း (ဒုတိယဆက်သွယ်ညှိနှိုင်းရေးအရာရှိ) နှင့်၊ အန်းဘွိုင် တို့မှ နည်းပညာအထောက်အပံ့ဖြင့် ပါဝင်ကူညီပေးထားကြသည်။

ဤထုတ်ဝေမှုကို အမေရိကန်ပြည်ထောင်စု အလုပ်သမားရေးရာဌာန (USDOL) က ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာသဘောတူညီချက် အမှတ် IL-25263-14-75-K အရ “မြန်မာနိုင်ငံ ကလေးအလုပ်သမားအလုပ်သမားပပျောက်ရေး အစီအစဉ် (My-PEC)” (MMR/13/10/USA) ရန်ပုံငွေပေးအပ်မှုဖြင့် ဆောင်ရွက်ခဲ့ပါသည်။ My-PEC စီမံကိန်း၏ တစ်ရာ ရာခိုင်နှုန်းသော ကုန်ကျ စရိတ်များကို ပြည်ထောင်စုရန်ပုံငွေမှ အပြည့်အဝထောက်ပံ့ခဲ့ပြီး စုစုပေါင်း အမေရိကန်ဒေါ်လာ (၉၁၅၀၀၀၀) ရှိပါသည်။ ဤထုတ်ဝေမှုကို “အာရှဒေသတွင်းကလေးအလုပ်သမားဆိုင်ရာ စီမံချက်”(ARC) (RAS/19/04/GBR)၊ အိုင်အယ်လ်အိုစီမံချက်မှတဆင့် ယူကေနိုင်ငံ အစိုးရ၊ Foreign Commonwealth and Development Office (FCDO)တို့မှ ပူးပေါင်းထောက်ပံ့ထားသည်။ ကျန်းမာရေး၊ အလုပ်သမားနှင့်ဖူလုံရေး ဝန်ကြီးဌာန၊ ဂျပန်အစိုးရ၏စီမံကိန်းဖြစ်သည့် “ပညာရေးထောက်ပံ့မှုဖြင့် ကလေးအလုပ်သမားလျှော့ချ ရရှိရေး- စိုက်ပျိုးရေးကဏ္ဍတွင် အဆိုးရွားဆုံးကလေး အလုပ်သမားပုံစံများ လျှော့ချရေးအစီအစဉ် (ARISE)” (RAS/19/07/JPN) မှလည်း ပူးပေါင်းထောက်ပံ့ထားပါသည်။

ဤထုတ်ဝေမှုသည် အမေရိကန်ပြည်ထောင်စု အလုပ်သမားရေးရာဌာန၏ မူဝါဒများ သို့မဟုတ် အမြင်ရှုထောင့်များကို ထင်ဟပ်ဖော်ပြထားခြင်း မဟုတ်ဘဲ ထည့်သွင်းဖော်ပြထားသည့် ကုန်သွယ်ရေးဆိုင်ရာ အမည်နာမများ၊ စီးပွားရေးထုတ်ကုန်များ သို့မဟုတ် အဖွဲ့အစည်းအမည်များသည်လည်း အမေရိကန်ပြည်ထောင်စုအစိုးရမှ ထောက်ခံအတည်ပြုထားသော အမည်များကို ညွှန်းဆိုဖော်ပြထားခြင်းမဟုတ်ပါ။

# အကြောင်းအရာများ

**သင်ခန်းစာ ၁**

အလုပ်တွေအများကြီးနဲ့ ကောင်လေး ........ ၁

**သင်ခန်းစာ ၂**

ရဲထွဋ် ကျောင်းပြန်တက်နိုင်မှာလား ........ ၂

**သင်ခန်းစာ ၃**

လေ့လာရခြင်း၏ရည်ရွယ်ချက်များ ........ ၄

**သင်ခန်းစာ ၄**

စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင် အမှတ်စဉ် ၄ နှင့် ၈ ........ ၅

**သင်ခန်းစာ ၅**

အရည်အသွေးပြည့်ဝပြီး လက်လှမ်းမီသော ပညာရေးဖြင့် ကလေးအလုပ်သမားများ ........ ၇
မပေါ်ပေါက်အောင် ကြိုတင်တားဆီးကာကွယ်ရေး

**သင်ခန်းစာ ၆**

အားလုံးပါဝင်သော သင်ယူမှုပတ်ဝန်းကျင်တစ်ခုကို ဖန်တီးခြင်း ........ ၁၁

**သင်ခန်းစာ ၇**

ငယ်ရွယ်တဲ့အလုပ်သမားများအတွက် ကျောင်းပြင်ပပညာရေး (NFE) နှင့် နည်းပညာ၊ ........ ၁၃
အသက်မွေးဝမ်းကျောင်းပညာနှင့် လေ့ကျင့်သင်ကြားရေး (TVET)

**သင်ခန်းစာ ၈**

အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမားခိုင်းစေခြင်းဖြစ်စဉ်တွင် ကျရောက်နေသော ........ ၁၆
ကလေးများ၏ အထူးလိုအပ်ချက်များ

**သင်ခန်းစာ ၉**

မိမိကိုယ်ကို အကဲဖြတ်သုံးသပ်ခြင်း ........ ၁၈

**သင်ခန်းစာ ၁၀**

အနှစ်ချုပ် ........ ၂၀

**နောက်ဆက်တွဲ အဖြေများ** ........ ၂၂

သင်ခန်းစာ ၁/၁၀

# ▶ အလုပ်တွေအများကြီးနဲ့ကောင်လေး



### တကယ်လို့သာ

ရဲထွဋ်သာ ကျောင်းတက်ရမယ်ဆိုရင် သူက အတန်းထဲမှာ အတော်ဆုံး ကျောင်းသားဖြစ်မယ်ဆိုတာ သေချာပါတယ်။ ဒါပေမဲ့ အဲဒီလိုဖြစ်ရမယ့်အစား သူကအလုပ်တွေများကြီး လုပ်နေရပါတယ်။

သူ့အကြောင်းကို ဖတ်ရှုပြီး ဘာကိုဆိုလိုတာလဲဆိုတာ နားလည်သွားပါလိမ့်မယ်။

## လေ့လာမှုမှတ်တိုင်
## အလုပ်တွေအများကြီးနဲ့ကောင်လေး

ရေးသားသူ – ဥမ္မာအေး နှင့် လင်းလင်းအောင်

ကျောင်းမှာတုန်းက နှစ်တိုင်းဆုရတယ်။ လေးတန်းမှာ ပထမဆုရလို့ ကျောင်းမှာ ဆုယူရတယ်။ ကျွန်တော့် ညီလေးလည်း ဆုရတယ်။ ရွာကျောင်းက ၄ တန်းထိပဲရှိလို့ ဒီနှစ် ၅ တန်းကို အခြားရွာမှာ သွားတက်ခဲ့ရ သေးတယ်။ ကျောင်းရောက်ဖို့ နာရီဝက်လောက် လမ်းလျှောက်သွားရတယ်။ ကျောင်းမှာက ဆရာမလောက်လို့ ဆရာ သုံးယောက် ထပ်ခေါ်ထားရတယ်။ ဆရာတွေ လစာ အတွက် ကျွန်တော်တို့ ကျောင်းသားတွေက တစ်လကို ၄,၀၀၀ ပေးရတယ်။ ဒါပေမဲ့ အမေက ညီမလေး ကိုယ်ဝန်ရလာချိန်မှာ အလုပ်မလုပ်နိုင်တော့ ပြီးခဲ့တဲ့ သုံးလက ကျောင်းထွက်လိုက် ရတယ်။ အခု ညီမလေးက ၉ ရက် သမီးရှိပြီ။ ကျွန်တော်တို့ ပုသိမ်နားက ကွင်းပေါက်ရွာမှာ နေပါတယ်။ အဖေက တံငါသည်ဆိုတော့ ငါးရတဲ့ နေ့မှာပဲ ဝင်ငွေရှိတယ်။ တစ်ခါတစ်လေဆို ငါးတစ်ကောင်မှ မရတာလည်း ရှိတယ်။

ကျွန်တော့် နာမည်က ရဲထွဋ်။ အသက်က ၁၁ နှစ် ရှိပါပြီ။ မောင်နှမ ခြောက်ယောက်မှာ တတိယမြောက်။ အစ်ကိုကြီးက အိမ်ထောင်ကျပြီး အိမ်ခွဲနေတယ်။ အမေကတော့ အထည်ချုပ်စက်ရုံ တစ်ရုံမှာ အလုပ်လုပ်နေတယ်။ အစ်မက အသက် ၁၆ နှစ်၊ ဒါပေမဲ့ အလုပ်ရအောင်လို့ စက်ရုံကို ၁၈ နှစ်လို့ ပြောထားတယ်။ တစ်လကို ဖယ်ရီခ ၁၅,၀၀၀ နုတ်ပြီး ၇၅,၀၀၀ ရတယ်။

ကျွန်တော်ကတော့ ကြုံ ရာကျပန်း အကုန်လုပ်တယ်။ ရွာထဲက ငါးဖမ်းလှေတွေ အကူလိုရင်လည်း လိုက်တယ်။ ၁,၅၀၀ – ၂,၀၀၀ တော့ ရတတ်ပါတယ်။ ရေသေရက်မို့ ငါးဖမ်းလှေတွေ မထွက် ရင်တော့ ရရာအလုပ် အကုန် လုပ်ရတာပေ့ါ။ စပါးလှမ်း၊စပါးချိန်တဲ့ အလုပ်ကလည်း တစ်ရက် ကို ၁,၅၀၀ ရပါတယ်။ ဘဲကျောင်းဖို့ လိုရင်လည်း ကျောင်းပေးတယ်။ ဘဲကျောင်းရင်းနဲ့ ဘဲဥ ကောက်တယ်။ ကန်စွန်းရွက်ခူးတယ်။ ကန်စွန်းရွက် တစ်စီးကို ၁၀၀ ရတယ်လေ။ အုတ်ဖိုမှာ သွားလုပ်ရင်လည်း တစ်ရက်ကို ၃,၅၀၀ ရတယ်။ အုတ်ဖိုက ဝေးတော့ အသွားအပြန် စရိတ်က ၁,၀၀၀ ရှိတယ်။ နေ့တိုင်းတော့ အလုပ်မရှိဘူး။ လူလိုမှ ခေါ်တာ။

တစ်ခါတစ်လေ အမေက ဟင်းစားရှာခိုင်းလို့ရှိရင်လည်း ကွန်ပင်ပြီး ငါးဖမ်းတယ်။ ငါးရရင် ကွန်ပိုင်ရှင်နဲ့ ကျွန်တော် တစ်ဝက်စီပေ့ါ။ ငါးသေးသေးလေးတွေပဲ မိတာများပါတယ်။ ဒီနေ့ ကံ ကောင်းတဲ့ နေ့ပဲ။ အဖေက ငါးလေးကောင်မိတယ်။ တစ်ကောင်တော့အိမ်မှာ ချက်စားဖြစ်မလား မသိဘူး။ မြစ်ရေတက်တော့မှ ချောင်းထဲမှာ ရေရှိတာ။ ရေရှိတုန်း ရေခပ်၊ ရေချိုးလုပ်ကြတယ်။ သောက်တော့လည်း ဒီရေ၊ ချက်ပြုတ်လည်း ဒီရေပဲ။ ကျွန်တော်တို့ ရွာက မိုးတွင်းဆို ရေမြုပ်တော့ ရွာလုံးကျွတ်နီးပါး ဘုန်းကြီးကျောင်းမှာ သွားနေရတယ်။ အကြိုက်ဆုံးတွေကတော့ ရေခဲ ချောင်းရယ်၊ ဘောလုံးကန်တာရယ်၊ စက်ဘီးစီးတာရယ်။ စက်ဘီးကတော့ သူငယ်ချင်းဆီက ငှားစီးရတာပေ့ါ။ ညီလေးက ကျွန်တော့်ထက်စာပိုတော်တယ်။ သူ့ကိုတော့ကျောင်းမထွက်ရအောင် တတ်နိုင်သမျှ ကြိုးစားရမယ်။ ကျွန်တော်က သင်္ဘောသားဖြစ်ချင်တာ။ အခု ကျောင်းထွက်လိုက်ရတော့ မဖြစ်နိုင်တော့ဘူး။

**ရဲထွဋ်ရဲ့အိပ်မက်တွေ အမှန်တကယ် လက်တွေ့မှာ ဘယ်လိုဖြစ်လာနိုင်မလဲ။**

သင်ခန်းစာ ၂/၁၀

# ▶ ရဲထွင်ကျောင်းပြန်တက်နိုင်မှာလား။

ဖိုးဝ၊ နိုးနိုး နဲ့ မိုဟာမက်တို့ ဘာတွေဆွေးနွေးနေတာလဲကို အောက်တွင် ဖတ်ရှုလေ့လာပါ။






ကျောင်းတက်တာက ရဲထွဋ်ရဲ့ ပြဿနာကို ဘယ်လို ကူညီနိုင်မလဲ။

သင်ခန်းစာ ၃/၁၀

# လေ့လာခြင်း၏ရည်ရွယ်ချက်များ



ပညာရေးသည် ကလေးအလုပ်သမားအရေးကိစ္စ စီမံခန့်ခွဲရေးအတွက် အရေးကြီးသော အစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။ ဤသင်ခန်းစာမှတစ်ဆင့် အောက်ပါအရာများကို နားလည်ရန် ကူညီပေးနိုင်ပါသည်။

- ကောင်းမွန်ပြည့်စုံသောလည်ပတ်မှုမှ တစ်ဆင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ အမှတ်စဉ် ၄ ၊ အမှတ်စဉ် ၈ နှင့် ကလေးအလုပ်သမားအရေးအကြား ဆက်စပ်မှုများကို လက်ခံစေရန်
- လူတိုင်းလက်လှမ်းမီပြီး အရည်အသွေးပြည့်ဝသော ပညာရေးသည် ကလေးအလုပ်သမားအရေးကို ကြိုတင် ကာကွယ်ရန်နှင့် ဖြေရှင်းရာတွင် မည်သို့အထောက်အကူဖြစ်ကြောင်း နားလည်သဘောပေါက်စေရန်
- လူတိုင်းလက်လှမ်းမီပြီး အရည်အသွေးပြည့်ဝသော ပညာရေးနှင့် နည်းပညာ၊ အသက်မွေးဝမ်းကျောင်းပညာနှင့် လေ့ကျင့်သင်ကြားရေးတို့သည် အလုပ်လုပ်ခွင့်ရှိသော အနိမ့်ဆုံး အသက် သတ်မှတ်ချက်အထက်ရှိသော လူငယ်အလုပ်သမားများအား ကာကွယ်ရာတွင်မည်သို့အဓိကကျကြောင်းကို နားလည်သဘောပေါက်စေရန်
- အဆိုးရွားဆုံးပုံစံဖြင့်ကလေးအလုပ်သမားခိုင်းစေခြင်းများမှ ရုန်းထွက်လွတ်မြောက်လာသည့် ကလေးများအတွက် အထူးပညာရေး လိုအပ်ချက်ကို နားလည်သဘောပေါက်စေရန်
- ကလေးများအထူးသဖြင့် စာသင်ကျောင်းများတွင် စာပြန်လည်သင်ကြားနိုင်စေရန် လုံခြုံ ပြီအားလုံးပါဝင်နိုင်သော သင်ကြားရေး ဝန်းကျင်တစ်ခု ဖန်တီးနိုင်စေရန်အတွက် ဆရာ/ဆရာမတစ်ဦးက လုပ်ဆောင်နိုင်သည့်အရာများကို သတ်မှတ်ရန်
- ကလေးများအားကလေးအလုပ်သမားအကြောင်းသင်ကြားပါကလိုအပ်သောထည့်သွင်းစဉ်းစားမှုများကိုအနှစ်ချုပ်ဖော်ပြရန်

**စတင်လေ့လာဖို့အဆင်သင့်ဖြစ်နေပြီလား။**

သင်ခန်းစာ ၄/၁၀

# စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ၊ ပန်းတိုင် ၄နှင့် ၈

## စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များနှင့် ကလေးအလုပ်သမား

အားလုံးသိကြသည့်အတိုင်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ (SDG) သည် တစ်ခုနှင့်တစ်ခု ချိတ်ဆက်နေပါသည်။ ပန်းတိုင်တစ်ရပ်အောင်မြင်ရန်အတွက် အခြားသောပန်းတိုင်များကိုပါ အောင်မြင်ရန် လိုအပ်ပါသည်။ ကလေးအလုပ်သမားပပျောက်ရေးနှင့် ကိုင်တွယ်ဖြေရှင်းမှုသည် အားလုံးပါဝင်သော ပညာရေးစနစ်အကောင်အထည်ဖော်ရေးနှင့် ချိတ်ဆက်မှုရှိပါသည်။




ပညာရေးနှင့် ကလေးအလုပ်သမားကြုံတင်ကာကွယ်ရေးတို့၏ ဆက်စပ်မှုများကို နားလည်သဘောပေါက်စေရန်နှင့် ဆန်းစစ်ရန်အတွက် SDG ပန်းတိုင် ၄ (အရည်အချင်းပြည့်ဝသော ပညာရေးရရှိရေး) နှင့် SDG ပန်းတိုင် ၈ (သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်နှင့် စီးပွားရေး ဖွံ့ဖြိုးမှု ရရှိရေး) ကို ကြည့်ရှုလေ့လာပါ။




SDG ပန်းတိုင် ၄.၁ သည် အားလုံးပါဝင်နိုင်ပြီး အရည်အသွေးပြည့်ဝသော ပညာရေးနှင့် နှစ်ကာလကြာရှည်စွာသင်ကြားနိုင်ရေးတို့ကိုမြှင့်တင်ရန်အားပေးပါသည်။ SDG ပန်းတိုင် ၄.၁သည် မိန်းကလေးများ နှင့်ယောကျ်ားလေးများကိုသာတူညီမျှရှိပြီး အရည်အသွေးပြည့်ဝသောအခမဲ့ မူလတန်းနှင့် အလယ်တန်းပညာရေးအား ပြီးမြောက်စေကာ ၂၀၃၀ တွင်သင့်တော်ပြီး ထိရောက်သော သင်ယူမှုရလဒ်များရရှိစေရန် ရည်ရွယ်ပါသည်။ အဆိုပါ ပန်းတိုင်သည် ကမ္ဘာတစ်ဝှမ်းလုံးရှိ ကလေးအလုပ်သမားအရေးကိစ္စအား ကြိုတင်ကာကွယ်ခြင်းနှင့် ကိုင်တွယ်ဖြေရှင်းခြင်းမရှိဘဲ မရရှိနိုင်ပါ။




စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင် SDG ပန်းတိုင် ၈ သည် သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်နှင့် စီးပွားရေး ဖွံ့ဖြိုးမှု ရရှိရေးအတွက် ပန်းတိုင်ဖြစ်ပါသည်။ SDG ပန်းတိုင် ၈.၇ သည် ၂၀၂၅ မတိုင်မီ အဓမ္မခိုင်းစေခြင်းကို ပပျောက်စေရန် ချက်ချင်းထိရောက်သော တုံ့ပြန်အရေးယူမှုများ ဆောင်ရွက်ရန်၊ ခေတ်သစ်ကျွန်စနစ်နှင့် လူကုန်ကူးမှုကို အဆုံးသတ်ရန်၊ ကလေးစစ်သားအဖြစ် စုဆောင်းခြင်းနှင့်အသုံးပြုခြင်းတို့အပါအဝင် အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမား ခိုင်းစေခြင်းတို့အား တားမြစ်ရန်နှင့် ပပျောက်စေရန်နှင့် ကလေးသူငယ်များအား ကလေးအလုပ်သမား ပုံစံမျိုးစုံဖြင့် ခိုင်းစေခြင်းအား အဆုံးသတ်ရန် ရည်ရွယ်ပါသည်။ SDG ပန်းတိုင် ၈.၇ သည် ကလေးအလုပ်သမားပပျောက်ရေးကိစ္စအားအရေးတကြီးကိုင်တွယ်ဖြေရှင်းရန်ပန်းတိုင်အဖြစ်သတ်မှတ်ပါသည်။

**မှတ်ချက်။** ကိုဗစ်-၁၉ ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းတွင် ဆင်းရဲမွဲတေမှုအား ခံနိုင်ရည်စွမ်းကျဆင်းခြင်းနှင့် ကျောင်းများကို ပိတ်လိုက်ရခြင်း စသည်တို့ကိုဖြစ်ပေါ်စေပါသည်။ ၎င်းသည် SDG ပန်းတိုင်များအောင်မြင်ရန်အတွက် ယခင်ကထက် ပိုမိုစိန်ခေါ်မှုများ ဖြစ်စေခဲ့ပါသည်။

# ကောင်းမွန်ပြည့်စုံသောလည်ပတ်မှု

**SDG ပန်းတိုင် ၄ (အရည်အသွေးပြည့်ဝသော ပညာရေးရရှိရေး)** ကို အောင်မြင်စွာ လုပ်ဆောင်နိုင်ခြင်းဖြင့် **SDG ပန်းတိုင် ၈ (သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်နှင့် စီးပွားရေး ဖွံ့ဖြိုးမှု ရရှိရေး)** ပန်းတိုင်ကိုပါ ရောက်ရှိနိုင်ပါသည်။ အပြန်အလှန်အားဖြင့် ရေရှည်တွင် ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရန် ကူညီပေးမည်ဖြစ်ပြီး ကောင်းမွန်ပြည့်စုံသောလည်ပတ်မှုဖြစ်ပေါ်စေရန် အခွင့်အလမ်းကောင်းတစ်ရပ်ကို ဖန်တီးပေးလိမ့်မည်ဖြစ်ပါသည်။




# လေ့လာမှုမှတ်တိုင်

**ကောင်းမွန်ပြည့်စုံသော လည်ပတ်မှုသည် ဘယ် SDG ပန်းတိုင်ကိုညွှန်ပြပါသလဲ။**

မှန်ကန်သော အဖြေများကို အောက်တွင်ရွေးပါ။ အဖြေမှန်များကို "နောက်ဆက်တွဲ အဖြေများ" တွင် ကြည့်ရှုနိုင်ပါသည်။

- ☐ က SDG ပန်းတိုင် ၄ အရည်အသွေးပြည့်ဝသော ပညာရေးရရှိရေး
- ☐ ခ SDG ပန်းတိုင် ၈ သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်နှင့် စီးပွားရေး ဖွံ့ဖြိုးမှု ရရှိရေး
- ☐ ဂ SDG ပန်းတိုင် ၁ ဆင်းရဲနွမ်းပါးမှု ပပျောက်ရေး
- ☐ ဃ SDG ပန်းတိုင် ၉ စက်မှုဆန်းသစ်တီထွင်မှုနှင့် အခြေခံအဆောက်အအုံ မြှင့်တင်ရေး

**စဉ်းစားကြည့်ပါ။** မြန်မာနိုင်ငံတွင် မသင်မနေရပညာရေးကို ပြီးမြောက်သည့် ကလေးများသည် အလုပ်သမားဥပဒေများနှင့် ကလေးသူငယ် ဥပဒေ အသစ် အရ အလုပ်လုပ်နိုင်သည့် အနိမ့်ဆုံးအသက်အရွယ် ဖြစ်သော ၁၄နှစ် ထက် ပုံမှန်အားဖြင့် များစွာငယ်နေပါသည်။ ထို့ကြောင့် ၎င်း ကလေးငယ်များ မသင်မနေရ ပညာရေးကို ပြီးမြောက်သည့် အချိန်နှင့် ဥပဒေအရ ၎င်းတို့ အလုပ်လုပ်နိုင်သည့် အချိန်ကြားတွင် ကွာဟမှု တစ်ခုရှိနေပါသည်။ ကလေးအလုပ်သမားများအပေါ် ထို အချိန် ကွာဟမှုက မည်သို့ သက်ရောက်နိုင်ပါသလဲ။

## အရည်အသွေးပြည့်ဝသော ပညာရေးအား လက်လှမ်းမီမှုက ပထမခြေလှမ်းလား။

သင်ခန်းစာ ၅/၁၀

# ▶ အရည်အသွေးပြည့်ဝပြီး လက်လှမ်းမီသောပညာရေးဖြင့် ကလေးအလုပ်သမားများ မပေါ်ပေါက်အောင် ကြိုတင်တားဆီးကာကွယ်ရေး

## ပညာရေးထက်ပိုသော...

ကလေးအလုပ်သမားပြဿနာသည် **အလွန်ရှုပ်ထွေးသော ပြဿနာရပ်တစ်ခု**ဖြစ်ပါသည်။ SDG ပန်းတိုင်များတွင် တွေ့ရှိရသကဲ့သို့ အဆိုပါ ပြဿနာရပ်ကို အောက်ဖော်ပြပါ တုံ့ပြန်မှုများဖြင့် ဖြေရှင်းရန် လိုအပ်ပါသည်။

- စီးပွားရေး နှင့် လူမှုရေးအခန်းကဏ္ဍကို ကြံ့ခိုင်မှုရှိအောင် တည်ဆောက်ခြင်း။
- ကလေးအလုပ်သမားအဖြစ်သို့ မရောက်ရှိရေးအတွက် ကလေးများအတွက် ရွေးချယ်စရာများဖန်တီးပေးခြင်း။

လူတိုင်းလက်လှမ်းမီနိုင်သော အရည်အသွေးပြည့်ဝသည့် ပညာရေးသည် ကလေးများနှင့် မိသားစုများအတွက် ကလေးအလုပ်သမား မဖြစ်စေရန် **အရေးပါသည့် ရွေးချယ်စရာတစ်ခု**ပင်ဖြစ်ပါသည်။ ကလေးအလုပ်သမားပြဿနာကို ဖြေရှင်းရာတွင် ပ**ညာရေးတစ်ခုတည်း လိုအပ်သည်မဟုတ်ပါ**။ ပြီးပြည့်စုံသည့် နိုင်ငံအဆင့် သို့မဟုတ် ဒေသအဆင့် မည်သည့်တုံ့ပြန်ဖြေရှင်းမှုတွင်မဆို ပညာရေးက အမြဲတမ်းပါဝင်ပါသည်။




### စဉ်းစားကြည့်ပါ။

ရဲထွဋ်ရဲ့ အကြောင်းကို ပြန်တွေးကြည့်ပါ။ အရည်အသွေးပြည့်ဝတဲ့ ပညာရေးစနစ်ကို အလွယ်တကူနဲ့ လက်လှမ်းမီမယ်ဆိုရင် သူ့ရဲ့ ပြဿနာကို ဖြေရှင်းပေးနိုင် ပါသလား။ ရဲထွဋ်သည် ကလေးအလုပ်သမားအဖြစ် အလုပ် ဆက်လုပ်ရန် မလိုတော့တဲ့ ကလေးတစ်ဦးလား။

### လက်လှမ်းမီသော ပညာရေးစနစ်ကို ဘယ်လိုသတ်မှတ်နိုင်သလဲ။

မသင်မနေရ အခမဲ့ပညာရေးအား လက်လှမ်းမီမှုသည် အလုပ်လုပ်ခွင့်ရှိသည့် အနိမ့်ဆုံး အသက်အရွယ် အောက်ရှိ ကလေးများအတွက် ကလေးအလုပ်သမား အဖြစ်မှရုန်းထွက်ရန် အဓိကကျသည့် ရွေးချယ်စရာဖြစ်ပါသည် မြန်မာနိုင်ငံတွင် လက်လှမ်းမီသော ပညာရေးဟုသတ်မှတ်ရန် အောက်ပါအချက်အလက်များ လိုအပ်ပါသည်။

### (၁) အသက်အရွယ်မရွေး သွားလာရလွယ်ကူသော စာသင်ကျောင်း

စာသင်ကျောင်းသည် ကလေးငယ်များနေထိုင်ရာ သို့မဟုတ် ကျောင်းဘတ်စ်ကားများ သို့မဟုတ် လှေများကဲ့သို့ ဘေးကင်း၍ လက်လှမ်းမီသော သယ်ယူပို့ဆောင် ရေးပုံစံများဖြင့် သွားရောက်နိုင်သည့်နေရာတို့နှင့် နီးကပ်နေရပါမည်။ အထူးသဖြင့် ယင်းသည် အလွန်ငယ်ရွယ်သော ကလေးများနှင့် သက်ဆိုင်ပါသည်။

### (၂) အသိအမြင်ရှိသော မိဘများ

မိဘများသည် ၎င်းတို့၏ကလေးများက ကျောင်းတက်ရာ၌ ဘေးကင်းလုံခြုံ ပြီး ပျော်ရွှင်ကာအကျိုးကျေးဇူးများ ရရှိနေခြင်းရှိမရှိကိုမိမိကိုယ်တိုင်လေ့လာစောင့်ကြည့်နိုင်သင့်ပါသည်။မိဘများသည် စာသင်နှစ်စတင်သည့်နေ့များတွင် ကိုယ်တိုင်သွားရောက်လေ့လာခြင်းနှင့် ဥပမာအားဖြင့် မိဘဆရာများအသင်း (PTA) မှ စီစဉ်ကျင်းပသော ပွဲများကိုတက်ရောက်ခြင်းမှတစ်ဆင့် အချက်အလက်များကိုသိရှိနေရမည်။

### (၃) အားလုံးပါဝင်သော ပညာရေးစနစ်

ပညာရေးသည် လူတိုင်းအတွက်ဖြစ်ပြီး အသုံးပြုမည့် ကျောင်း၊ အခြေခံအဆောက်အအုံနှင့် သင်ကြားရေး နည်းလမ်းများသည် အားလုံးနှင့် အကျုံးဝင်ရန် လိုအပ်ပါသည်။ လူမျိုးရေးနောက်ခံ၊ ဘာသာစကား၊ ကိုးကွယ်သည့်ဘာသာ၊ ကျား/မ ခွဲခြားဆက်ဆံခြင်းမရှိစေရ။ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် (UNCRC)၊ အရ ကလေးများအားလုံး ပညာသင်ကြားခွင့်ရှိပါသည်။ ဥပမာအားဖြင့် ကျောင်းအဆောက်အအုံများတွင် ဘီးတပ်ကုလားထိုင် အသုံးပြုသူများအတွက် ချဉ်းကပ်လမ်းများ၊ ညီညာပြီး သွားလာရလွယ်ကူသော ကစားကွင်းမျက်နှာပြင်များ ရှိရန်လိုအပ်ပါသည်။ အခြားသူများထက် ပိုမိုအာရုံစိုက်ရန်လိုအပ်မည့် ရွှေ့ပြောင်းနေထိုင်သူများ၊ အကြောင်းအမျိုးမျိုးကြောင့် စာသင်ကျောင်းများနှင့် ကင်းကွာနေပြီး ပြန်လည်ရောက်ရှိလာသည့် ကလေးများအတွက်သီးခြားစာသင်ခန်းများထား ရှိရမည်။ အမျိုးမျိုးသော မသန်မစွမ်းကလေးများနှင့်နှင့် ပတ်သက်၍ ဆရာ၊ဆရာမများအား လေ့ကျင့်သင်ကြားပေးရန် လိုအပ်ပါသည်။

### (၄) ဒေသဆိုင်ရာ လိုအပ်ချက်များနှင့်အညီ လိုက်လျောညီထွေဖြစ်စေခြင်း

အလုပ်လုပ်သော ကလေးတိုင်း ကလေးအလုပ်သမားများ မဟုတ်ကြပါ။ ဥပမာ ကလေးများသည် ၎င်းတို့အိမ်၊ လယ်ယာ နှင့် ပညာရေးကို ထိခိုက်မှုမရှိသော အန္တရာယ်မရှိသော ပေါ့ပါးသော အလုပ်မျိုး ပြုလုပ်နိုင်ပါသည်။ ထို့ကြောင့် ပညာရေးကို လက်လှမ်းမီမှု တိုးမြှင့်နိုင်စေရန် ဒေသဆိုင်ရာလုပ်ငန်းများနှင့် လိုက်လျောညီထွေဖြစ်စေရန်အတွက် ထည့်သွင်းစဉ်းစားခြင်းသည်အသုံးဝင်ပါသည်။ ဥပမာအားဖြင့် ကျေးလက်ဒေသများ၌ စာသင်နှစ်ကို အဓိကသီးနှံများ စိုက်ပျိုးမှုကာလများနှင့် ချိန်ညှိပေးနိုင်လျှင် ကျောင်းအားလပ်ချိန်များတွင် သီးနှံရိတ်သိမ်းမှု၌ ကလေးများက ကူညီပေးနိုင်ပါသည်။ သို့သော် ယင်းသည် မိဘများနှင့် အုပ်ထိန်းသူများက ကလေးများအတွက် ၎င်းတို့နှင့်သင့်လျော်သည့် အလုပ်များကို ခွဲခြားစေခိုင်းတတ်မှသာ ထိရောက်သောမဟာဗျူဟာတစ်ခု ဖြစ်လာမည် ဖြစ်ပါသည်။ မှန်ကန်စွာလုပ်ဆောင်ပါက လိုက်လျောညီထွေရှိသောပညာရေးသည် အထူးသဖြင့် ကျောင်းထွက်ပြီး ကလေးအလုပ်သမားများဖြစ်လာနိုင်ခြေရှိသော ကလေးများအတွက် ပိုမိုလက်လှမ်းမီလာစေမည် ဖြစ်ပါသည်။

## လေ့လာမှုမှတ်တိုင်

ရဲထွဋ်ဟာ စတုတ္ထတန်းပြီးနောက် ကျောင်းကနေထွက်ခဲ့ရပါတယ်။ သူတက်ရမယ့် ကျောင်းအသစ်ကို ရောက်ဖို့ မိနစ် ၃၀ လမ်းလျှောက်ရတဲ့အပြင် တစ်နေ့ကို လမ်းစရိတ် ၄၀၀၀ ကျပ် ကုန်ကျပါတယ်။ သူ့အမေက ကလေးလေးကို ကြည့်ရှုစောင့်ရှောက်ရတဲ့အတွက် အလုပ်မလုပ်နိုင်ပါဘူး။ ရဲထွဋ်အဖေရဲ့ ဝင်ငွေကလည်း မတည်ငြိမ်ဘူးဖြစ်နေပါတယ်။

**လက်လှမ်းမီတဲ့ ပညာရေးက ရဲထွဋ်ရဲ့ ပြဿနာကို ဖြေရှင်းပေးနိုင်မလား။**

မှန်ကန်သော အဖြေများကို အောက်တွင်ရွေးပါ။ အဖြေမှန်များကို "နောက်ဆက်တွဲ အဖြေများ" တွင် ကြည့်ရှုနိုင်ပါသည်။

☐ က — မဖြေရှင်းပေးနိုင်ပါ။ ရဲထွဋ်ရဲ့မိသားစုက ဝင်ငွေလိုအပ်နေတာဖြစ်လို့ ရဲထွဋ်ကျောင်းထွက်လိုက်ရခြင်း ဖြစ်ပါတယ်။ အဲဒီပြဿနာကိုမဖြေရှင်းနိုင်မချင်း လက်လှမ်းမီတဲ့ပညာရေးက အသုံးမဝင်နိုင်ပါ။

☐ ခ — တစ်စိတ်တစ်ပိုင်း ဖြေရှင်းပေးနိုင်ပါတယ်။ အကယ်၍ ပဉ္စမတန်းတက်ရမည့် ကျောင်းသည် ရဲထွဋ်၏အိမ် အနီးအနားတွေရှိနေပါက ရဲထွဋ် ကျောင်းတက်ကောင်းတက်ပေလိမ့်မည်။ ရဲထွဋ်သည် အသက် ၁၄ နှစ် အောက်ဖြစ်နေသောကြောင့် လုံးဝ အလုပ်မလုပ်သင့်ပါ။

☐ ဂ — ဖြေရှင်းပေးနိုင်ပါသည်။ လက်လှမ်းမီသော ပညာရေးစနစ်သာ ရခဲ့လျှင် ရဲထွဋ် ကျောင်းဆက်တက် ပါလိမ့်မည်။ သူ၏ညီမလေးကိုလည်း အချိန်ပိုင်းပြန်လည်စောင့်ရှောက်ပေးနိုင်ပါလိမ့်မည်။

### အရည်အသွေးပြည့်ဝသော ပညာရေးကို ဘယ်လို သတ်မှတ်နိုင်သလဲ။

ပညာရေးသည် အားလုံးလက်လှမ်းမီရန် လိုအပ်သကဲ့သို့ အရည်အသွေးပြည့်ဝသော ပညာရေးဖြစ်ရန်လည်း လိုအပ်ပါသည်။ ကလေးများနှင့် မိဘများ၏ မျှော်မှန်းချက်များကို ပြည့်မီရန် လိုအပ်ပါသည်။ အရည်အသွေး ပြည့်ဝသော ပညာရေးကို အောက်ပါ လက္ခဏာရပ် (၄) ရပ်ဖြင့် သတ်မှတ်နိုင်ပါသည်။

#### ၁။ လူမှုရေးအရ၊ ရုပ်ပိုင်းဆိုင်ရာအရ လုံခြုံမှုရှိစေရေး

ဤအရာသည် ဆရာ/ဆရာမများ၊ ကလေးများနှင့် သက်ဆိုင်ပါသည်။ ကလေးများအတွက် သင်ယူစရာကောင်းသော ပတ်ဝန်းကျင်သည် လေးစားသမှုရှိခြင်း၊ လူတိုင်းပါဝင်နိုင်ခြင်း၊ အကြမ်းဖက်မှု သို့မဟုတ် အနိုင်ကျင့်မှုကင်းစင်ခြင်းတို့ ရှိရပါမည်။ ၎င်းတို့သည် ပြုတ်ကျခြင်း၊ ဖျားနာခြင်း သို့မဟုတ် ထိခိုက်အနာတရဖြစ်ခြင်းတို့ မရှိစေဘဲ သန့်ရှင်းသော သောက်သုံးရေနှင့် ကောင်းမွန်သော မိလ္လာစနစ်တို့ကို လက်လှမ်းမီသင့်ပါသည်။

ဆရာ/ဆရာမများကို ၎င်းတို့၏အလုပ်များ အကောင်းဆုံးလုပ်ဆောင်နိုင်ရန်နှင့် သင်ကြားမှုအရည်အသွေးကိုအာရုံစိုက်နိုင်စေရန် အခြေအနေများဖန်တီးပေးရပါမည်။

#### ၂။ အထောက်အပံ့ဖြစ်စေသော မူဝါဒ

ကောင်းမွန်သော စာသင်ကျောင်း စီမံခန့်ခွဲမှုစနစ်နှင့် နိုင်ငံရေးဆိုင်ရာကတိကဝတ်များသည် ကောင်းမွန်ပြီးအရည်အသွေးပြည့်ဝသော ပညာရေး ရရှိနိုင်ရန်အတွက် မူဝါဒနှင့် ဘတ်ဂျက်မူဘောင်တစ်ရပ်ကို ပံ့ပိုးပေးရန် လိုအပ်ပါသည်။

မသင်မနေရ ပညာရေးသည် ဥပဒေသာမဟုတ်ပဲ လက်တွေ့အားဖြင့် အခမဲ့ ဖြစ်စေရမည်ဖြစ်ပြီး အထူးသဖြင့် အဆင်းရဲဆုံးနှင့် အထိခိုက်လွယ်ဆုံးသော ကလေးများအတွက် ဖြစ်ရမည်ဖြစ်ပါသည်။

ကျောင်းဝတ်စုံ၊ သင်ထောက်ကူပစ္စည်းများ၊ သွားလာရေးအသုံးစရိတ် အစရှိသည့် မသိမသာ ကုန်ကျလေ့ရှိသော ကုန်ကျစရိတ်များကို ထောက်ပံ့ကြေးငွေများ မှတစ်ဆင့် ကူညီပံ့ပိုးခြင်း သို့မဟုတ် ကုန်ကျစရိတ်ကင်းလွတ်ခွင့်ပေးခြင်းများကိုပါ ထည့်သွင်းစဉ်းစားသင့်ပါသည်။ အထူးသဖြင့် ကလေးအလုပ်သမားတစ်ဦး ကျောင်းပြန်တက်သည့်အခါ ဝင်ငွေဆုံးရှုံးနိုင်သည့်အတွက်ကြောင့် ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။

#### ၃။ သက်ဆိုင်မှု

မကြာခဏဆိုသလိုပင် မိဘများက ၎င်းတို့၏ ကလေးငယ်များသည် အရေးအဖတ်နှင့် သင်္ချာတို့ကိုသာမက ပတ်ဝန်းကျင်တွင် သက်ဆိုင်ရာအသက်မွေးဝမ်းကျောင်းအတွက် လက်တွေ့ကျွမ်းကျင်မှုများကို တတ်ကျွမ်းပါက ပညာရေးသည်အဖိုးတန်သည်ဟု မှတ်ယူကြမည်ဖြစ်ပါသည်။

#### ၄။ ခေတ်မီဖြစ်ခြင်း

ကျောင်းသားများအား ဆွဲဆောင်နိုင်စေရန် သင်ထောက်ကူပစ္စည်းများနှင့် နည်းဗျူဟာများသည် ခေတ်မီရန် လိုအပ်ပြီး ဆရာ၊ဆရာမများကိုလည်း ကောင်းမွန်စွာ လေ့ကျင့်သင်ကြားပေးထားရမည်ဖြစ်ပါသည်။

## လေ့လာမှုမှတ်တိုင်

**အားလုံးလက်လှမ်းမီပြီး အရည်အသွေးပြည့်ဝသော ပညာရေးတို့ရဲ့ လက္ခဏာရပ်တွေကို သင်မှတ်မိပါသလား။**

မှန်ကန်သော အဖြေများကို အောက်တွင်ရွေးပါ။ အဖြေမှန်များကို "နောက်ဆက်တွဲ အဖြေများ" တွင် ကြည့်ရှုနိုင်ပါသည်။

၁။ မိဘများသည် ကလေးများ၏ တိုးတက်မှုများကို စောင့်ကြည့်လေ့လာနိုင်ခြင်း။

- ☐ က အားလုံးလက်လှမ်းမီသော ပညာရေး
- ☐ ခ အရည်အသွေးပြည့်ဝသော ပညာရေး

၂။ ရပ်ရွာ၏ အဓိက ဝင်ငွေရရှိသည့် အရင်းအမြစ်နှင့် ဆက်နွယ်သော အကြောင်းအရာများကို သင်ကြားမှုတွင် ထည့်သွင်းရေးဆွဲခြင်း။

- ☐ က အားလုံးလက်လှမ်းမီသော ပညာရေး
- ☐ ခ အရည်အသွေးပြည့်ဝသော ပညာရေး

၃။ ကလေးများ နားလည်လွယ်သော ဘာသာစကားများပါဝင်သော သင်ထောက်ကူ ပစ္စည်းများ

- ☐ က အားလုံးလက်လှမ်းမီသော ပညာရေး
- ☐ ခ အရည်အသွေးပြည့်ဝသော ပညာရေး

၄။ ကျောင်းသည် ရွာနှင့် လမ်းလျှောက်သွားလာ နိုင်သည့် နေရာတွင် တည်ရှိခြင်း

- ☐ က အားလုံးလက်လှမ်းမီသော ပညာရေး
- ☐ ခ အရည်အသွေးပြည့်ဝသော ပညာရေး

၅။ ကလေးများမှ လယ်တွင် သွားရောက်ကူညီနိုင်ရန် ဆန်စပါးရိတ်သိမ်းချိန်ကာလ၌ ကျောင်းကို ၅၀% သာ လည်ပတ်ခြင်း။

- ☐ က အားလုံးလက်လှမ်းမီသော ပညာရေး
- ☐ ခ အရည်အသွေးပြည့်ဝသော ပညာရေး

၆။ ပြည်တွင်း NGO များက ဆရာ/ဆရာမ အား လစာပေးရန်နှင့် လေ့ကျင့်ပေးရန် ထောက်ပံ့ပေးခြင်း

- ☐ က အားလုံးလက်လှမ်းမီသော ပညာရေး
- ☐ ခ အရည်အသွေးပြည့်ဝသော ပညာရေး

**အရည်အသွေးပြည့်ဝသော ပညာရေးက ကလေးများအား ကလေးအလုပ်သမားမှ ကာကွယ်ပေးနိုင်ပါသလား။**

သင်ခန်းစာ ၆/၁၀

# အားလုံးပါဝင်သော သင်ယူမှုပတ်ဝန်းကျင်တစ်ခုကို ဖန်တီးခြင်း

## ကလေးအလုပ်သမား အကြောင်း ရှင်းပြခြင်း

ကလေးအလုပ်သမား အကြောင်းအရာကဲ့သို့ ရှုပ်ထွေးပြီး ထိရှလွယ်သော အကြောင်းအရာများကို သင်ကြားရာတွင် စိန်ခေါ်မှုများ ရှိနိုင်သည်။ ပထမအဆင့်နှင့် အရေးကြီးဆုံးအဆင့် မှာ အားလုံးပါဝင်သော သင်ကြားရေးပတ်ဝန်းကျင်တစ်ခုအားဖန်တီးပြီး ၎င်းသည် ကလေးများအား ကိုယ်တိုင်ထုတ်ဖော်ရန် နှင့် မေးခွန်းများမေးမြန်းနိုင်ရန် လုံခြုံပြီး တန်ဖိုးရှိသော ဝန်းကျင်တစ်ခု ဖြစ်ရပါမည်။ နောက်အကြောင်းအရာတွင် ဘေးကင်းသော ရပ်ဝန်းတစ်ရပ် ဖန်တီးခြင်းအကြောင်း ပိုမိုလေ့လာနိုင်ပါမည်။



မျက်မှောင်ကြုတ်နေသော မျက်နှာ၊ တည်နေသောမျက်နှာနှင့် ပြုံးနေသော မျက်နှာပုံစံ အဝိုင်းများ။ @ Shutterstock

ကလေးများအား မိမိအတွေးအမြင်များကို ဖော်ထုတ်ပြသရန် အားပေးပါ။

ကလေးအလုပ်သမားများအကြောင်း ရှင်းပြရာတွင် ကလေးများ မှတ်မိလွယ်သော ရုပ်ပုံပါသင်ထောက်ကူပစ္စည်းများဖြင့် သင်ကြားခြင်းသည် အကြံဉာဏ်ကောင်းတစ်ခုဖြစ်ပါသည်။ အိုင်အယ်လ်အို မြန်မာသည် ကလေးအလုပ်သမားများက မျှဝေသော အတွေ့အကြုံများ၊ အိမ်မက်များ နှင့် အတွေးအမြင်များကို ခါတ်ပုံဇာတ်လမ်းများဖြင့် ပုံဖော်ခြင်းပေးပြီး ကလေးအလုပ်သမားများ အကြောင်းနှင့် ပတ်သက်သော ဆွေးနွေးမှုများနှင့် လှုပ်ရှားမှုများအတွက် ကောင်းစွာ စတင်နိုင်စေရန် ပံ့ပိုးပေးနေပါသည်။ ထိုဓာတ်ပုံဇာတ်လမ်းအများစုကို ILO Myanmar YouTube တွင် ကြည့်ရှုနိုင်ပါသည်။

### ဘေးကင်းသောရပ်ဝန်းတစ်ရပ်အား ဖန်းတီးပေးခြင်း

ခက်ခဲသော ပြဿနာများအကြောင်းအား သင်ကြားခြင်း နှင့် လေ့လာခြင်းလုပ်ဆောင်နိုင်သည့် ဘေးကင်းပြီး လေးစားမှုရှိသော ပတ်ဝန်းကျင်ကို ဖန်တီးခြင်းသည် စဉ်ဆက်မပြတ်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး အဆင့်များစွာပါဝင်သည့် ကြိုးစားအားထုတ်မှုတစ်ခုလည်းဖြစ်ပါသည်။ ဖိုးဝ၊ နိုးနိုးနှင့် မိုဟာမက်တို့သည် ၎င်းတို့၏ ဆရာက ကလေးအလုပ်သမားများအကြောင်း ရှင်းပြချိန်တွင် ဘေးကင်းလုံခြုံသောရပ်ဝန်းတစ်ခု ဖန်တီးရာ၌ လုပ်ဆောင်ရမည့်အဆင့်များအား မည်သို့ပြောရမည်ကို လေ့လာကြည့်ပါ။

ဘာသာစကားသည် အစွမ်းထက်သော ကိရိယာတစ်ခုဖြစ်ပါသည်။ လေးစားမှုကို ဖော်ဆောင်သော ဘာသာစကား အသုံးအနှုန်းများသည် ကလေးတစ်ဦးကို လေးစားကြောင်းပြသပြီး အထူးသဖြင့် သူတို့သည် ပင်ပင်ပန်းပန်းနှင့် မပြင်မဆင်ဘဲ ကျောင်းသို့လာသည့်အခါမျိုးတွင် သင်က သူတို့အားကူညီပံ့ပိုးပေးရန် အသင့်ရှိကြောင်း ဖော်ပြနိုင်ရပါမည်။

ဆရာတစ်ဦး၏ သင်ကြားမှုပုံစံက စာသင်ခန်းအပေါ်တွင် သက်ရောက်မှုရှိပါသည်။ ဆရာတစ်ဦးထံမှ ဆိုးရွားသောဘာသာစကား သို့မဟုတ် အနိုင်ကျင့်နောက်ပြောင်ခြင်းသည် ကျောင်းသားကို အလားတူလုပ်ဆောင်ရန် အခွင့်ပေးလိုက်ခြင်းနှင့်တူသည်ကို သတိပြုရပါမည်။






ကလေးအလုပ်သမားများ၏ အတွေးအမြင်သည် လုပ်ငန်းခွင်တွင် တစ်ခါမှ မလုပ်ဖူးသော ကလေးတစ်ယောက်၏ အတွေးအခေါ်နှင့် ကွာခြားမှုရှိနေပါလိမ့်မည်။ ကလေးများအား မတူသောရှုထောင့်များ၊ အတွေ့အကြုံများနှင့် သင်ယူခဲ့ပုံများကို မျှဝေရန် အားပေးသင့်ပါသည်။




အပြန်အလှန်ဆက်သွယ်မှုအတွက် အခြေခံစည်းမျဉ်းများသည် ကလေးများအား မည်သည့်အရာက လက်ခံနိုင်သောအပြုအမူ (စကားအသုံးအနှုန်း) နှင့် မည်သည့်အရာက လက်မခံနိုင်သောအရာ ဖြစ်ကြောင်းကို သိရှိစေရန် ကူညီပေးပါသည်။

တစ်ချိန်တည်းတွင် ပြောပြရန်ပင်ကြမ်းတမ်းခက်ခဲလွန်းသော အတွေ့အကြုံများအား မျှဝေလိုသည့်ကလေးများအပါအဝင် ကလေး အလုပ်သမားအားလုံး၏ အသံများကိုနားထောင်ပေးပါ။

၎င်းတို့ လုပ်နေဆဲ၊ လုပ်ခဲ့ပြီးသော အလုပ်များကြောင့် ရုပ်ပိုင်းဆိုင်ရ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် သင်ယူနိုင်မှု အခက်အခဲများရှိနေသောကလေးများ အား ထောက်ပံ့ပေးပါ။ ယင်းသည် အထူးသဖြင့် အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခံရသည့် ကလေးအလုပ်သမား အဖြစ်မှ လွတ်မြောက်လာသော ကလေးများ အတွက် လိုအပ်ဖွယ်ရှိပြီး ထိုကလေးအား ထောက်ပံ့ပေးရန်သင်သည် ကျောင်း စီမံခန့်ခွဲရေး၊ လူမှုဝန်ထမ်းဌာနနှင့် အခြားသူများနှင့် လက်တွဲလုပ်ဆောင်ရန် လိုအပ်နိုင်ခြေရှိသည်။

## လေ့လာမှုမှတ်တိုင်

**ရဲထွဋ်ကျောင်းပြန်တက်သောအခါ ရဲထွဋ်၏ဆရာသည် မည်သည့်အရာများကို ပြင်ဆင်ထားသင့်ပါသနည်း။**

မှန်ကန်သော အဖြေများကို အောက်တွင်ရွေးပါ။ အဖြေမှန်များကို "နောက်ဆက်တွဲ အဖြေများ" တွင် ကြည့်ရှုနိုင်ပါသည်။

- ☐ က — ရဲထွဋ်ရဲ့ ဆရာက ရဲထွဋ်အတွက် ပညာရေးကနေ အကျိုးကျေးဇူးရရှိဖို့ အသင့်လျော်ဆုံးရွေးချယ်မှုကို ရှာဖွေဖို့အတွက် ရဲထွဋ်နဲ့ သူ့မိသားစုတို့ကို အကြံပြုဆွေးနွေးပေးရပါမယ်။ အဲဒီလိုလုပ်ဆောင်တဲ့ထဲမှာ ကျောင်းပြင်ပပညာရေးကို သင်ကြားခြင်း ဒါမှမဟုတ် ပေါင်းကူးအတန်း တက်ရောက်ခြင်းတို့ ပါဝင်နိုင်ပါတယ်။
- ☐ ခ — ရဲထွဋ်ရဲ့အကြောင်းကို ဆရာက အတန်းသားတွေကို ကြိုအကြောင်းကြားထားပြီး ရဲထွဋ်ကို နွေးထွေးကြင်နာဖို့ အတန်းဖော်ကလေးတွေကို တိုက်တွန်းသင့်ပါတယ်။
- ☐ ဂ — ရဲထွဋ်ရဲ့ ဆရာအနေနဲ့ ရဲထွဋ်ရဲ့ အခြေအနေနဲ့ပတ်သက်ပြီး မှားယွင်းတဲ့ကောက်ချက်ချမှုတွေမရှိစေဖို့ သူ့အကြောင်းကို သေချာလေ့လာထားသင့်ပါတယ်။ ရဲထွဋ် သက်သောင့်သက်သာနဲ့ စာသင်နိုင်စေဖို့ အကောင်းဆုံး သင်ကြားနည်းတွေကို သိထားသင့်ပါတယ်။

သင်ခန်းစာ ၇/၁၀

# ငယ်ရွယ်တဲ့အလုပ်သမားများအတွက် ကျောင်းပြင်ပပညာရေး (NFE) နှင့် နည်းပညာ၊ အသက်မွေးဝမ်းကျောင်းပညာနှင့် လေ့ကျင့်သင်ကြားရေး (TVET)

## အမြတ်ထုတ်ခံရနိုင်ခြင်းမှ ကာကွယ်ခြင်း



အမေက အခုမှ အလုပ်သစ်ရပြီး သူ့ကုမ္ပဏီအသစ်က အထူးစာတစ်စောင် ရခဲ့ပါတယ်။ ရဲထွဋ်က ဘာစာတစ်စောင်မှမရဘူး။

သူ့ရဲ့ အလုပ်တွေအတွက် လုပ်အားခ လုံလုံလောက်လောက် ရသလားဆိုတာ သူဘယ်လိုသိနိုင်မလဲ။ သူ့လို တခြားကလေးတွေလည်း ခေါင်းပုံဖြတ်ခံရနိုင်ခြင်းကနေ ကာကွယ်ဖို့ နည်းလမ်းတွေ ရှိပါသလား။ အထူးသဖြင့် တရားဝင် အလုပ်လုပ်နေတဲ့ ကလေးတွေ အနည်းဆုံးတော့ သူတို့ရဲ့ အလုပ်ခန့်စာတွေကို ဖတ်နိုင်သင့်တယ်မဟုတ်လား။

## ကျောင်းပြင်ပပညာရေး (NFE) နှင့် နည်းပညာ၊ အသက်မွေးဝမ်းကျောင်းပညာနှင့် လေ့ကျင့်သင်ကြားရေး (TVET)

မသင်မနေရပညာရေး ပြီးဆုံးသည်အထိ ရဲထွဋ်ကဲ့သို့သော ကလေးငယ်များသည် ကျောင်းတက်သင့်ပါသည်။ သို့သော် အလုပ်လုပ်ကိုင်ရန်အတွက် အနိမ့်ဆုံးအသက်ထက် ငယ်ရွယ်သော အလုပ်သမားများအား ခေါင်းပုံဖြတ်ခံရနိုင်ခြင်းမှ အကာအကွယ်ပေးရန် လိုအပ်ပါသည်။ ကျောင်းပြင်ပပညာရေး (NFE) နှင့် နည်းပညာ၊ အသက်မွေးဝမ်းကျောင်းပညာနှင့် လေ့ကျင့်သင်ကြားရေး (TVET) တို့သည် ငယ်ရွယ်သော အလုပ်သမားများကို အကာအကွယ်ပေးနိုင်သည့် အဓိကသော့ချက်ဖြစ်ပါသည်။ ကျောင်းပြင်ပပညာရေး (NFE) နှင့် နည်းပညာ၊ အသက်မွေးဝမ်းကျောင်းပညာနှင့် လေ့ကျင့်သင်ကြားရေး (TVET) အကြောင်းအား နားလည်စေရန် အောက်ဖော်ပြပါ ကတ်များကို လေ့လာကြည့်ရှုပါ။

| ကျောင်းပြင်ပ ပညာရေး (NFE) | နည်းပညာ၊ အသက်မွေးဝမ်းကျောင်းပညာနှင့် လေ့ကျင့်သင်ကြားရေး (TVET) |
| --- | --- |
| ကျောင်းပြင်ပပညာရေး (NFE) သည် လူတိုင်းအတွက် ပညာသင်ကြားခွင့်ရရှိရေး အာမခံချက်ပေးလေ့ရှိပါသည်။ စဉ်ဆက်မပြတ်သင်ယူသည့်ပုံစံ ဖြစ်နိုင်ဖွယ်မရှိသော ယင်းစနစ်သည် အသက်အရွယ်အားလုံးနှင့် လေ့လာသင်ယူချိန်ကွဲပြားနေသူအားလုံးအတွက်လည်း ဖြည့်ဆည်းပေးပါသည်။ | နည်းပညာ၊ အသက်မွေးဝမ်းကျောင်းပညာနှင့် လေ့ကျင့်သင်ကြားရေး (TVET) သည် အလုပ်ခွင်နှင့် သက်ဆိုင်သည့် သင်ယူမှုအတွေ့အကြုံ အမျိုးမျိုးကို ရည်ညွှန်းပါသည်။ ဤသင်ယူမှုအတွေ့အကြုံများသည် ပညာရေးအဖွဲ့အစည်းများနှင့် လုပ်ငန်းခွင်များအပါအဝင် သင်ယူမှုအခြေအနေအမျိုးမျိုးတွင် တွေ့မြင်နိုင်ပါသည်။ |

## ကျောင်းပြင်ပ ပညာရေး ( NFE) အင်္ဂါရပ်များနှင့် အကျိုးကျေးဇူးများ

ငယ်ရွယ်သော အလုပ်သမားများသည် ၎င်းတို့၏ အခြေခံ၊ မသင်မနေရပညာရေးကို ပြီးမြောက်အောင် မသင်ရသေးသည့် အခြေအနေမျိုးတွင် လုပ်ငန်းခွင်ဆိုင်ရာ တတ်မြောက်မှုနှင့် ကိန်းဂဏန်းများ တတ်မြောက်ကြောင်း သေချာစေရန်အတွက် ကျောင်းပြင်ပပညာရေး(NFE) ကိုလိုအပ်မည်ဖြစ်ပါသည်။ ငယ်ရွယ်သော အလုပ်သမားများသည် အောက်ပါတို့ကို လုပ်ဆောင်နိုင်စေရန် လုပ်ငန်းခွင်ဆိုင်ရာ တတ်မြောက်မှုနှင့် ကိန်းဂဏန်းများ တတ်မြောက်ခြင်းသည် အရေးပါသည်။

- စာချုပ်များအား ဖတ်ရှုလေ့လာခြင်း
- အခြေခံလုပ်ခလစာအား သဘောပေါက်နားလည်ခြင်း
- တစ်ကိုယ်ရည် ကာကွယ်ရေး ပစ္စည်းများ၏ ညွှန်ကြားချက်များနှင့် လမ်းညွှန်ချက်ကို ဖတ်ရှုနိုင်ခြင်း နှင့် နားလည် သဘောပေါက်ခြင်း
- အန္တရာယ်ရှိသောအလုပ်ကို ခွဲခြားသိမြင်နိုင်ခြင်း တို့သည် အမြတ်ထုတ်ခြင်းခံရခြင်းမှ ကာကွယ်နိုင်သည့် အဓိက အချက်များဖြစ်ပါသည်။

ထို့အပြင် ကျောင်းပြင်ပပညာရေး (NFE) သည် အောက်ပါ အကျိုးကျေးဇူးများကိုပါ ရရှိစေနိုင်ပါသည်။

- ပညာရေးဆိုင်ရာ အာဏာပိုင်များ၏ ကြီးကြပ်မှုအောက်တွင် နည်းလမ်းမျိုးစုံဖြင့် လွှဲပြောင်းတက်ရောက်နိုင်ပါသည်။
    - တရားဝင်ပညာရေးလက်မှတ်နှင့် ညီမျှသော အောင်လက်မှတ်ကို ရရှိစေမည့် ပေါင်းကူးအတန်းများ
- လိုက်လျောညီထွေမှုရှိအောင် ပြုလုပ်ခြင်းဖြင့် ငယ်ရွယ်သော အလုပ်သမားများသည် ၎င်းတို့၏ ပညာရေးနှင့် အလုပ်ကို အောက်ပါအခြေအနေများမှ တစ်ဆင့် ချင့်ချိန်ကာ စီမံခန့်ခွဲနိုင်သည်။
    - ညနေခင်း သင်တန်းများ သို့မဟုတ် ကျောင်းပြင်ပပညာရေး (NFE) စနစ်အောက်ရှိ သင်တန်းများ
    - အလုပ်ချိန်ပြင်ပသင်ကြားနိုင်ခြင်း
    - အိမ်၊ အလုပ်နှင့် အနီးနားတွင် သင်ကြားနိုင်ခြင်း

မြန်မာနိုင်ငံတွင် ဘုန်းတော်ကြီးကျောင်းများနှင့် မျိုးနွယ်စုကျောင်းများတွင်လည်း ကျောင်းပြင်ပပညာရေးကို သင်ကြားနိုင်ပါသည်။

## နည်းပညာ၊ အသက်အမွေးဝမ်းကျောင်းပညာနှင့် လေ့ကျင့်သင်ကြားရေး (TVET)

တစ်ခါတစ်ရံတွင် အတွေ့အကြုံ ရှိသူတစ်ဦးက လုပ်ငန်းခွင်တွင် အလုပ်သင်များအား အသက်မွေးဝမ်းကျောင်းဆိုင်ရာပညာများ သင်ကြားပေးပါသည်။ အသက်မွေးဝမ်းကြောင်းအတတ်ပညာများကို လေ့လာသင်ယူနိုင်မှု အခွင့်အလမ်းများပေးခြင်းဖြင့် ငယ်ရွယ်သော အလုပ်သမားများသည် ပိုမိုဘေးကင်းပြီး လစာပိုကောင်းသော အလုပ်အကိုင်များဆီသို့ “အဆင့်မြှင့်တင်” နိုင်မည်ဖြစ်ပါသည်။

**မှတ်ချက်။** အလုပ်သင်နေရာတစ်ခုတွင် အလုပ်နှင့် အသက်မွေးဝမ်းကျောင်းပညာ လေ့ကျင့်မှုကြား ပိုင်းခြားရန် အရေးကြီးပါသည်။ အသက်မွေးဝမ်းကျောင်းဆိုင်ရာ လေ့ကျင့်ပေးမှုတွင် ဆရာက အလုပ်သင်ထံ ၎င်း၏ကျွမ်းကျင်မှုများအား စနစ်တကျ သင်ကြားပေးခြင်း ပါဝင်ရမည်ဖြစ်ပါသည်။ ဤအရာချို့တဲ့ပါက လူငယ်အလုပ်သမားသည် မည်သည့်ပညာမျှမရရှိဘဲ အလုပ်လုပ်နေရုံ သက်သက်ဖြစ်ပေလိမ့်မည်။

## လေ့လာမှုမှတ်တိုင်

ရဲထွဋ်ရဲ့ အသက် ၁၆ နှစ်အရွယ် ညီမလေးက စက်ရုံတစ်ခုမှာ လခ ၉၀,၀၀၀ ကျပ်နဲ့ အလုပ်လုပ်ပါတယ်။ သူမ၏လမ်းစာရိတ်အတွက် စုစုပေါင်း ၁၅,၀၀၀ ကျပ် နုတ်ယူခံရပါသည်။

**ရဲထွဋ်၏ညီမအတွက် အတွက် အမြတ်ထုတ်ခံရခြင်း အန္တရာယ်က ဘယ်လိုကာကွယ်နိုင်မလဲ။ သူမကို မျှတတဲ့အခကြေးငွေခံစားခွင့်ပြုရဲ့လားဆိုတာ ဘယ်လိုသိနိုင်မလဲ။**

မှန်ကန်သော အဖြေများကို အောက်တွင်ရွေးပါ။ အဖြေမှန်များကို "နောက်ဆက်တွဲ အဖြေများ" တွင် ကြည့်ရှုနိုင်ပါသည်။

- [ ] က — ရဲထွဋ်ရဲ့ညီမလေးက လုပ်ငန်းခွင်ဆိုင်ရာ အတတ်ပညာတတ်မြောက်ဖို့နဲ့ ကိန်းဂဏန်းတွက်ချက်နည်းတွေကို တတ်မြောက်ဖို့အတွက် ကျောင်းပြင်ပပညာရေး (NFE) ကို တက်ရောက်သင့်ပါတယ်။ ဒါမှသာ သူမရဲ့ အလုပ်ခန့်စာချုပ်နဲ့ အခြေခံလုပ်ခလစာကို လေ့လာဆန်းစစ်နိုင်မှာ ဖြစ်ပါတယ်။
- [ ] ခ — ရဲထွဋ်ရဲ့ညီမလေးက ပိုကောင်းတဲ့အလုပ်နဲ့ လစာရဖို့အတွက် နည်းပညာ၊ အသက်မွေးဝမ်းကျောင်းပညာနဲ့ လေ့ကျင့်သင်ကြားရေး (TVET) ကို တက်ရောက်သင့်ပါတယ်။
- [ ] ဂ — ရဲထွဋ်ရဲ့ညီမလေးက ဥပဒေကြောင်းအရ အလုပ်လုပ်ဖို့ အသက်မပြည့်သေးတဲ့အတွက် အလုပ်မလုပ်သင့်ပါဘူး။

## အန္တရာယ်ရှိသောအလုပ်များကိုစီမံခန့်ခွဲခြင်း

ဖိုးဝမှာ အန္တရာယ်ရှိတဲ့ အလုပ်တွေအကြောင်း မေးခွန်းတွေရှိပါတယ်။




အသက်မွေးဝမ်းကျောင်းပညာ လေ့ကျင့်သင်ကြားရေးဟာငယ်ရွယ်တဲ့ အလုပ်သမားတွေကို အန္တရာယ်ရှိတဲ့ အလုပ်လုပ်ခွင့်ပြုဖို့ မဟုတ်ပါ။ အကယ်၍ အသက်မွေးဝမ်းကျောင်း သင်တန်းတက်နေတဲ့ ကျောင်းသားတစ်ဦးက အဆိပ်အတောက်တွေကို ကိုင်တွယ်ရမယ်စတဲ့ အန္တရာယ်များတဲ့ အလုပ်တွေကို မဖြစ်မနေလုပ်ရတော့မယ်ဆိုရင် သူ့အတွက် အန္တရာယ်အနည်းဆုံးနဲ့ သင့်တော်တဲ့ ညွှန်ကြားချက်၊ လမ်းညွှန်ချက်တွေအတိုင်း လုပ်သင့်ပါတယ်။

တကယ်လို့ သတ်မှတ်ထားတဲ့အလုပ်ဟာ အန္တရာယ်ရှိတဲ့အလုပ်စာရင်းမှာပါနေရင် အသက် ၁၈ နှစ်အောက်အားလုံးကို တားမြစ်ထားပါတယ်။

သင်ခန်းစာ ၈/၁၀

# အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမားခိုင်းစေခြင်းဖြစ်စဉ်တွင် ကျရောက်နေသော ကလေးများ၏ အထူးလိုအပ်ချက်များ

## ပုံမှန် စိန်ခေါ်မှုများ

အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမားခိုင်းစေခြင်းအခြေအနေမျိုးတွင်ကလေးငယ်တစ်ဦးအား ထိုလုပ်ငန်း ခွင်မှဖယ်ရှားရာတွင် လက်လှမ်းမီပြီးအရည်အသွေးပြည့်ဝသောပညာရေးအလျင်အမြန်ရရှိနိုင်မှု ရှိမရှိအပေါ်မူတည်ပြီး စိန်ခေါ်မှုများရှိပါသည်။ ကလေးအလုပ်သမားခိုင်းစေခံရသည့် ကလေးတစ်ဦးကြုံတွေ့ရသည့် ယေဘုယျစိန်ခေါ်မှု လေးမျိုးကို အောက်တွင်ဖော်ပြထားပေးထားပါသည်။

- ကလေးသည် ဒါဏ်ရာများ ခံစားနေရခြင်း
- ကလေးသည် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး ဂယက်ရိုက်ခတ်မှုများနှင့်အတူ ထိခိုက်ဒါဏ်ရာရရှိခြင်း
- ကလေးသည် ရှည်ကြာသော ကျောင်းပျက်ကွက်မှုကြောင့် ရှက်မိခြင်း
- ဝင်ငွေလိုအပ်ချက်ကြောင့် ကလေးသည် ပဋိပက္ခများရင်ဆိုင်ရခြင်း

## စဉ်းစားကြည့်ပါ။

**အထက်တွင် ဖော်ပြခဲ့သည့် စိန်ခေါ်မှုများအပေါ်အခြေခံ၍ အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမားခိုင်းစေခြင်းခံသည့် ကလေးတစ်ဦး၏ လိုအပ်ချက်များကို စဉ်းစားကြည့်ပါ။**

အောက်ဖော်ပြပါ ပြဌာန်းချက်များထဲမှ မည်သည့် ပြဌာန်းချက်များသည် ကလေးတစ်ဦး၏ လိုအပ်ချက်များကို ဖြည့်ဆည်းဖို့ သင့်လျော်သောကြောင့် အခြေအနေမှ ဖယ်ရှားပြီးနောက် ၎င်းတို့အား မည်ကဲ့သို့ ပြန်လည်ပေါင်းစည်းနိုင်မည်နည်း။

မှန်ကန်သော အဖြေများကို အောက်တွင်ရွေးပါ။ အဖြေမှန်များကို "နောက်ဆက်တွဲ အဖြေများ" တွင် ကြည့်ရှုနိုင်ပါသည်။

☐ (က) ၎င်းတို့၏ အသက်အရွယ်နှင့် ကိုက်ညီမည့် ကျောင်းပြင်ပပညာရေး ကဲ့သို့သော ပေါင်းကူးသင်တန်းများ ပံ့ပိုးပေးရန်

☐ (ခ) ယခင်ဖြတ်သန်းခဲ့ရသော အခက်အခဲများနှင့် ပတ်သတ်၍ ကလေးအား နှစ်သိမ့်ဆွေးနွေးကာ ဖေးမခြင်း

☐ (ဂ) အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမားခိုင်းစေခြင်း ခံရသည့်အတွက် ရရှိလာသည့် ဘေးထွက်ဆိုးကျိုးများရှိပါက လိုအပ်သော ဆေးဝါးအထောက်အပံ့များနှင့် ရေရှည်ပံ့ပိုးမှုများ

☐ (ဃ) တရားဝင်အလုပ်လုပ်နိုင်သည့် အနိမ့်ဆုံးအသက်ပြည့်မီပြီးသော ကလေးများအတွက် အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမားခိုင်းစေသောလုပ်ငန်းခွင် မဟုတ်သည့်နေရာမျိုးတွင် အလုပ်လုပ်ကိုင်စေခြင်း

### အဓိက လိုအပ်မှုတစ်ခုဖြစ်သော နည်းပညာ အသက်အမွေးဝမ်းကြောင်းနှင့် လေ့ကျင့်သင်ကြားရေး

အသက်အရွယ်အသင့်အတင့်ရှိသော ကလေးများဖြစ်စေ ဆက်လက်အလုပ်လုပ်ရန် လိုအပ်ပါက ၎င်းတို့အတွက် အန္တရာယ်ရှိသောလုပ်ငန်းခွင် သို့မဟုတ် အခြားသော အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမားခိုင်းစေခြင်းတို့မှ ရုန်းထွက်နိုင်ရန်အတွက် နည်းပညာ၊ အသက်မွေးဝမ်းကျောင်းနှင့် လေ့ကျင့်သင်ကြားရေးသည် အရေးပါသည်။ လုပ်ငန်းခွင်ဆိုင်ရာ အတတ်ပညာ တတ်မြောက်မှုနှင့် ကိန်းဂဏန်းတွက်ချက်နည်းများ တတ်မြောက်ရန်အတွက်ကျောင်းပြင်ပပညာရေးနှင့် ပူးပေါင်းရန်လည်း လိုအပ်ကောင်းလိုအပ်နိုင်ပါသည်။

သို့ရာတွင် သင့်တော်သော အသက်မွေးဝမ်းကျောင်းပညာသင်တန်းများ သို့မဟုတ် အလုပ်သင်ဘဝတို့ကို ရွေးချယ်ခြင်းသည် အောက်ပါအချက်များအပေါ်တွင် မူတည်လျက်ရှိပါသည်။

- လူငယ်တစ်ဦးက သင့်တော်သောလမ်းညွှန်မှုဖြင့် ၎င်း၏ပညာရေးကို ကိုယ်တိုင်ရွေးချယ်ရပါမည်။
- သင်တန်းပို့ချရာတွင် လိုအပ်နေသော ကျွမ်းကျင်မှုများကို သင်ကြားပေးရပါမည်။
- ဝင်ငွေရရှိနိုင်သော အခြားရင်းမြစ်များ၊ ဆေးဘက်ဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာကူညီပေးမှုများ စသည်တို့ကို ပံ့ပိုးပေးသည့် ပိုမိုကျယ်ပြန့်သော ထောက်ပံ့ကူညီမှုအစီအစဉ်တစ်ခု ရှိပါသည်။

## လေ့လာမှုမှတ်တိုင်

ရဲထွဋ်ရဲ့ညီမလေးဟာ မသင်မနေရပညာရေးကို ဆုံးခန်းတိုင်အောင် မတက်လိုက်နိုင်တဲ့အတွက် အိမ်သုတ်ဆေးထုတ်လုပ်တဲ့ကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်နေရတာကို သင်အနေနဲ့ တွေ့မြင်ခဲ့ရပါတယ်။ သူဟာ လွန်ခဲ့တဲ့လတွေကတည်းက အသက်ရှူရခက်တဲ့ ဝေဒနာကိုလည်း ခံစားနေရပါတယ်။

**သင့်အနေနဲ့ အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမားခိုင်းစေခြင်းရဲ့ ခက်ခဲရှုပ်ထွေးမှုတွေကို ရွေးချယ်မှုများအားဖြင့် ဖော်ထုတ်ပြသနိုင်ပါသလား။**

မှန်ကန်သော အဖြေများကို အောက်တွင်ရွေးပါ။ အဖြေမှန်များကို "နောက်ဆက်တွဲ အဖြေများ" တွင် ကြည့်ရှုနိုင်ပါသည်။

☐ **က** ရဲထွဋ်ညီမလေးဟာ အလုပ်လုပ်ဖို့အတွက်လိုအပ်တဲ့ အနိမ့်ဆုံးအသက်အရွယ်လိုအပ်ချက်ကို ပြည့်မီတဲ့အတွက် ဒီကိစ္စဟာ အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမားခိုင်းစေခြင်းဖြစ်စဉ်မဟုတ်ပါဘူး။ ဒါပေမဲ့ သူမ ကျောင်းတက်ဖို့နဲ့ ကျောင်းပြင်ပပညာရေးကတစ်ဆင့် ပေါင်းကူးသင်တန်းတွေကို တက်ဖို့လိုအပ်ပါသည်။

☐ **ခ** ရဲထွဋ်ညီမလေးဟာ သူမရဲ့ ကျန်းမာရေးအတွက် ချက်ချင်းဆေးကုသမှု ခံယူဖို့လိုအပ်နေပြီး သူမနဲ့ သူမရဲ့မိဘတွေကို ကူညီဖေးမပေးဖို့ အကြံပေးဆွေးနွေးမှုလုပ်ပေးတာတွေ လိုအပ်နေ ပါတယ်။ သူမရဲ့ မိဘအုပ်ထိန်းသူတွေကို သူမဟာ ပညာတတ်မြောက်ဖို့အရေးကြီးကြောင်းကို နားလည်အောင်ရှင်းပြပေးရပါမယ်။

☐ **ဂ** ရဲထွဋ်ညီမလေးဟာ နည်းပညာ၊ အသက်မွေးဝမ်းကျောင်းပညာနှင့် လေ့ကျင့်သင်ကြားရေးကို တက်ရောက်သင့်ပါတယ်။ သူ့ရဲ့သက်တူရွယ်တူတွေကို အမီလိုက်နိုင်အောင် ကျောင်းပြင်ပပညာရေးကိုလည်း ပေါင်းကူးသင်တန်းတစ်ခုအနေနဲ့ တက်ရောက်သင့်ပါတယ်။ ကာလကြာရှည်စွာ ကျောင်းနဲ့ဝေးကွာနေတဲ့အတွက် ဖြစ်ပေါ်လာနိုင်တဲ့ ရှက်ရွံ့ခံစားရစိတ်တွေကို နှစ်သိမ့်အားပေးဖို့ လိုအပ်နိုင်ပါတယ်။

## ကျောင်းပြန်နေရေးအတွက် ဆရာ၊ ဆရာမအနေနဲ့ ရဲထွဋ်ရဲ့ ညီမကို ဘယ်လိုကူညီနိုင်မလဲ။

သင်ခန်းစာ ၉/၁၀

# ▶ မိမိကိုယ်ကို အကဲဖြတ်သုံးသပ်ခြင်း

## ဂုဏ်ပြုပါသည်။

သင်ဟာ အခန်းကြီး – ၄။ **အရည်အသွေးပြည့်ဝသောပညာရေးကို လွယ်ကူစွာရရှိရေး၏အရေးပါမှု** သင်ခန်းစာကို ပြီးစီးလုနီးပါး ရှိသွားပါပြီ။

အောက်ပါအချက်များသည် သင့်အားမည်သည့်လေ့လာမှု ကွာဟချက်များကိုမဆို ဖော်ထုတ်ရာတွင် ကူညီပေးရန် အထူးဖန်တီးထားသော မေးခွန်းများနှင့် အတူ ကိုယ့်ကိုယ်ကို အကဲဖြတ်မှုဖြစ်သည်။ သင်သည် အမှတ်များရရှိနေပြီ ဖြစ်သော်လည်း ယင်းသည် စမ်းသပ်စာမေးပွဲ မဟုတ်သည့်အတွက် အောင်မှတ် မရှိပါ။ သင်၏ ရမှတ်များကို အသုံးပြု၍ မည်သည့်နေရာတွင် လိုအပ်ချက်ရှိသည်ကို ဖော်ထုတ်ကာ ပြန်လည်လေ့လာမှုပြုလုပ်ပါ။

မှန်ကန်သော အဖြေများကို အောက်တွင်ရွေးပါ။ အဖြေမှန်များကို "နောက်ဆက်တွဲ အဖြေများ" တွင် ကြည့်ရှုနိုင်ပါသည်။ သင့်အနေဖြင့် ကိုယ့်ကိုယ်ကို ပြန်လည်အကဲဖြတ်မှုအား သင့်စိတ်ကြိုက် အကြိမ်များစွာပြုလုပ်နိုင်သည်။ ကံကောင်းပါစေ။

## မေးခွန်း ၁ / ၂

ဟေမာ က ၈ နှစ်ပါ။ သူမဟာ မနက်အစောကြီးထပြီး ကြက်စာကျွေး၊ နံနက်စာပြင်ဆင်ရတဲ့အတွက် အခန်းထဲမှာ အချိန်အတော်များများ အိပ်ငိုက်နေတာကို ဆရာ ဦးမြင့် က သတိထားမိပါတယ်။ သူမဟာ ညဉ့်နက်တဲ့အထိ သန့်ရှင်းရေး လုပ်ရပါတယ်၊ ပန်းကန်တွေလည်း ဆေးရပါတယ်။ ဟေမာရဲ့ အဖေဟာ နေမကောင်းဖြစ်နေတဲ့အတွက် အိမ်မှာ ဝင်ငွေမရှိပါဘူး၊ မနက်ဆိုလည်း စားဖို့မရှိဖြစ်နေတဲ့ ဟေမာကို ဆရာဦးမြင့် က စိတ်ပူပါတယ်။ ဟေမာက ကျောင်းတက်မယ့် အစား အလုပ်လုပ်တာ ပိုကောင်းမယ်ဆိုပြီး တွေးနေပါတယ်။

**ဟေမာလိုမျိုးကျောင်းတက်ရတဲ့အတွက် ဝင်ငွေပိုင်းဆိုင်ရာ ထိခိုက်နစ်နာနေတဲ့ ကိစ္စမျိုးမှာ ကျောင်းဆရာတစ်ဦးအနေနဲ့ ဘယ်လိုအဆင့်တွေလုပ်ဆောင်ဖို့လို အပ်ပါသလဲ။**

မှန်ကန်သော အဖြေများကို အောက်တွင်ရွေးပါ။ အဖြေမှန်များကို "နောက်ဆက်တွဲ အဖြေများ" တွင် ကြည့်ရှုနိုင်ပါသည်။

- ☐ (က) ဆရာ ဦးမြင့် ဟာ အတန်းထဲမှာ ကလေးအလုပ်သမားဖြစ်ဖို့ အလားအလာရှိတဲ့ ကလေးအကြောင်းကို လူမှုဝန်ထမ်းဦးစီးဌာနနဲ့ သွားရောက် တိုင်ပင်သင့်ပါတယ်။
- ☐ (ခ) ဆရာ ဦးမြင့် ဟာ လူမှုဝန်ထမ်းတစ်ဦးနဲ့အတူ ဟေမာ့နေအိမ်ဆီ သွားရောက်ကြည့်ရှုသင့်ပြီး သူမ ကျောင်းဆက်တက်သင့်ပြီး မိသားစု၏ထောက်ပံ့မှု အရေးကြီးကြောင်းကို မိဘအုပ်ထိန်းသူနဲ့ သဘောတူညီမှုရရှိအောင် လုပ်ဆောင်သင့်ပါတယ်။
- ☐ (ဂ) ဟေမာဟာ သူမရဲ့ ကျောင်းပညာရေးထက် သူမဖခင်ကျန်းမာရေးကို ပိုအာရုံစိုက်နိုင်စေဖို့ အလုပ်ကောင်းကောင်းတစ်ခုမှာ အလုပ်လုပ်ဖို့ရွေးချယ်သင့်ပါတယ်။

# မေးခွန်း ၁/ ၂

ဆာက ၉ နှစ်ပါ။ သူ့အဖေကို စပါးရိတ်ဖို့ ကူညီရပါတယ်။ ကျောင်းဆရာ ဦးမြင့် က ဆာကို ကျောင်းမှန်မှန် မတက်တဲ့အတွက် စိုးရိမ်နေပါတယ်။ ဆာဟာ လယ်ကွင်းထဲမှာ အလုပ်လုပ်နေရတဲ့အတွက် အချိန်အတော်များများ ကျောင်းပျက်လေ့ရှိပါတယ်။ လယ်ကွင်းထဲမှာ ပင်ပင်ပန်းပန်း အလုပ်ပြီးတဲ့နောက် ကျောင်းသွားတက်ဖို့အတွက် သူဟာ ပင်ပန်းနွမ်းနယ်နေပါတယ်။

**ကျောင်းမှန်မှန်တက်ဖို့ အခက်အခဲရှိနေတဲ့ ဆာလိုမျိုးကျောင်းသားတစ်ဦးကိုကူညီဖို့ ဆရာအနေနဲ့ ဘယ်လိုအဆင့်မျိုးတွေလုပ်ဆောင်ဖို့လိုအပ်ပါသလဲ။**

မှန်ကန်သော အဖြေများကို အောက်တွင်ရွေးပါ။ အဖြေမှန်များကို "နောက်ဆက်တွဲ အဖြေများ" တွင် ကြည့်ရှုနိုင်ပါသည်။

- [ ] က — ဆာတစ်ယောက် မိသားစုလယ်လုပ်ငန်းမှာ အလုပ်တွေမနိုင်မနင်းလုပ်ရပြီး ကျောင်းတက်ဖို့ အခက်အခဲဖြစ်နေကြောင်းကို ဆရာ ဦးမြင့် အနေနဲ့ ကျောင်းအုပ်ကြီးနဲ့အတူ မိဘဆရာများအသင်း (PTA) မှာ ဆွေးနွေးတိုင်ပင်သင့်ပါတယ်။ ဒါ့အပြင် အလုပ်အတွက် အများဆုံးအချိန်တစ်ခု သတ်မှတ်ကာ ကလေးအတွက် စာလုပ်ချိန်၊ ကစားချိန်နဲ့ အနားယူချိန်ကိုပါ သဘောတူညီချက်ရရန် လိုအပ်ပါတယ်။
- [ ] ခ — ဆာက သူ့အဖေကိုကူညီပေးနိုင်တဲ့အတွက် ကျောင်းတက်တာထက် သူ့အဖေကိုကူညီဖို့ ပိုအာရုံစိုက်သင့်ပါတယ်။
- [ ] ဂ — ဆာ အဖေနဲ့ ကျော်ကျော်အနေနဲ့ ကလေးတွေအတွက် ပညာရေးဆိုင်ရာ အခွင့်အရေးတွေကို နားလည်သဘောပေါက်ဖို့ အကြံပေးဆွေးနွေးပွဲတစ်ခုကို တက်ရောက်သင့်ပါတယ်။

သင်ခန်းစာ ၁၀/၁၀

# အနှစ်ချုပ်

ယခုသင်ခန်းစာကို သင်မပိတ်မီ အောက်ဖော်ပြပါများသည် သင်လေ့လာသင်ယူခဲ့ပြီးသော အဓိကအချက်များ၏ အနှစ်ချုပ်များဖြစ်သည်။

### စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များနှင့် ကလေးအလုပ်သမား

SDG ရည်မှန်းချက် 8.7 ၏ ကလေးအလုပ်သမား ပပျောက်ရေး ရည်မှန်းချက်ကို ပြည့်မီခြင်းသည် အားလုံးအတွက် အရည်အသွေးပြည့်မီသော ပညာရေးကို ရရှိစေရေး SDG 4 ၏ ရည်မှန်းချက်နှင့် ချိတ်ဆက်ထားသည်။

### ကျောင်းပြင်ပပညာရေးနှင့် နည်းပညာ၊ အသက်မွေးဝမ်းကျောင်းပညာနှင့် လေ့ကျင့်သင်ကြားရေး

ကျောင်းပြင်ပပညာရေးနှင့် နည်းပညာ၊ အသက်မွေးဝမ်းကျောင်းပညာနှင့် လေ့ကျင့်သင်ကြားရေးများသည် ငယ်ရွယ်သော အလုပ်သမားများအတွက် အလုပ်လုပ်နေစဉ်အတွင်း သင့်တော်သော အရည်အသွေးမျိုး တက်မြောက်စေရန် အထောက်အကူပြုပါသည်။ အဆိုပါအရည်အသွေးများသည် ငယ်ရွယ်သောအလုပ်သမားများ၏ တိုးတက်ရေးအတွက် သင့်တော်သောအလုပ်သင်အခွင့်အလမ်းများရရှိနိုင်ပြီး လေ့လာသင်ယူမှုကွာဟချက်များကိုပါ ဖြည့်ဆည်းပေးနိုင်ပါသည်။

### လက်လှမ်းမီပြီး အရည်အသွေးပြည့်ဝသော ပညာရေး

ကျောင်းများသည် ကလေးများ၏ နေအိမ်များ နှင့် အနီးအနားတွင်ရှိသောအခါ၊ မိဘများက ပညာရေး၏အကျိုးကျေးဇူးများကို သိမြင်နားလည်သောအခါနှင့် ကလေးများအားလုံးပါဝင်တက်ရောက်နိုင်သော ကျောင်းများဖြစ်သောအခါ ပညာရေးသည်လက်လှမ်းမီလာပါသည်။ အရည်အသွေးပြည့်ဝသော ပညာရေးဆိုသည်မှာ ကလေးများအား ၎င်းတို့ဝန်းကျင်၏လိုအပ်ချက်များအား ဖြည့်ဆည်းရာတွင် အသုံးပြုနိုင်ရန်နှင့် ဘေးကင်းလုံခြုံ သောပတ်ဝန်းကျင်တွင် သင်ယူနိုင်သော ကလေးဆိုင်ရာကျွမ်းကျင်မှုများကို သင်ကြားပေးခြင်းဖြစ်ပါသည်။

# ကိုးကားရည်ညွှန်းချက်များနှင့် အရင်းအမြစ်များ


- Education International. 2014. *HYPERLINK "https://issuu.com/educationinternational/docs/2014_ei_manual_endingchildlabour_e"Teachers and Education Unions: Ending Child Labour – A Research Manual for Teachers and Education Unions.*
- ILO. 2002. HYPERLINK "https://www.ilo.org/ipec/Informationresources/WCMS_IPEC_PUB_1559/lang--en/index.htm" Supporting Children's Rights through Education, the Arts, and Media (SCREAM): Education Pack.
- ILO. 2018. HYPERLINK "https://www.ilo.org/yangon/publications/WCMS_649045/lang--en/index.htm" "Combating Child Labour in Myanmar: A Course for Civil Society Organization (CSOs)".
- ILO. 2018. HYPERLINK "https://www.ilo.org/yangon/publications/WCMS_649064/lang--en/index.htm" 3-R Trainers' Kit on Rights, Responsibilities and Representation for Children, Youth and Families.
- ILO. 2020. *HYPERLINK "https://www.ilo.org/wcmsp5/groups/public/---asia/---ro-bangkok/---ilo-yangon/documents/publication/wcms_734405.pdf"Assessment of Vulnerable Youth Economic Integration Opportunities in Myanmar.*
- ILO. n.d. HYPERLINK "https://www.ilo.org/ipec/Action/Education/lang--en/index.htm""Child Labour and Education".
- HYPERLINK "https://www.celt.iastate.edu/instructional-strategies/preparing-to-teach/accessible-course-design/strategies-accessible-teaching-learning/"
- Iowa State University, "Strategies for Accessible Teaching and Learning".
- Shingleton, Emma. 2023. HYPERLINK "https://planbee.com/blogs/news/how-to-create-an-inclusive-classroom-12-tips-for-teachers""How to Create an Inclusive Classroom: 12 Tips for Teachers", PlanBee Blog, 2 February.


**ကျေးဇူးတင်ပါသည်။ ဤသင်ခန်းစာသည် သင့်အတွက်အသုံးဝင်မယ်လို့မျှော်လင့်ပါသည်။**
**ယခု သင်ခန်းစာကို အောက်ပါလင့်ခ်မှတစ်ဆင့် အွန်လိုင်းတွင်လည်း လေ့လာနိုင်ပါသည်။**
**http://ecampus.iloyangon.org/**

# နောက်ဆက်တွဲအဖြေများ

သင်ခန်းစာ (၄)၊ စာမျက်နှာ ၆

## လေ့လာမှုမှတ်တိုင်

ကောင်းမွန်ပြည့်စုံသည့်လည်ပတ်မှုသည် ဘယ် SDG ပန်းတိုင်များကို ညွှန်ပြပါသလဲ။

ရွေးချယ်စရာများထဲက (က)၊ (ခ) နှင့် (ဂ) ကိုရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။

ကောင်းမွန်ပြည့်စုံသည့်လည်ပတ်မှုသည် SDG ပန်းတိုင် ၄ ၊ SDG ပန်းတိုင် ၈ နှင့် SDG ပန်းတိုင် ၁ တို့ကို ညွှန်ပြပါသည်။ SDG ပန်းတိုင် ၄ အရည်အသွေးပြည့်ဝသော ပညာရေးရရှိခြင်းဖြင့် SDG ပန်းတိုင် ၈ သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်နှင့် စီးပွားရေး ဖွံ့ဖြိုးမှု ကိုရရှိနိုင်ပါသည်။ SDG ပန်းတိုင် ၈ တွင် ပါဝင်သော ပန်းတိုင်တစ်ခုသည် ကလေးအလုပ်သမား ကြိုတင်ကာကွယ်ရေးဖြစ်ပါသည်။ SDG ပန်းတိုင် ၄ နှင့် SDG ပန်းတိုင် ၈ ရရှိပါက ရေရှည်တွင် SDG ပန်းတိုင် ၁ ဖြစ်သော ဆင်းရဲနွမ်းပါးမှု ပပျောက်ရေးကိုပါ လုပ်ဆောင်နိုင်ပါသည်။

သင်ခန်းစာ (၅)၊ စာမျက်နှာ ၈

## လေ့လာမှုမှတ်တိုင်

လက်လှမ်းမီတဲ့ ပညာရေးက ရဲထွန်းရဲ့ ပြဿနာကို ဖြေရှင်းပေးနိုင်မလား။

ရွေးချယ်စရာများထဲက (က) ကိုရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။

သင့်ဖြေဆိုမှုမှန်ကန်ပါသည်။ ရဲထွန်း၏ပြဿနာသည် လက်လှမ်းမီသောပညာရေးကို ရရှိရုံတစ်ခုတည်းနှင့် ဖြေရှင်း၍ မရနိုင်ပါ။ သူ၏ မိသားစုသည် ဝင်ငွေရရှိနိုင်မည့်နည်းလမ်းတစ်ခု လိုအပ်နေသောကြောင့်ဖြစ်ပါသည်။ သို့ရာတွင် ဝင်ငွေရရှိနိုင်မည့် နည်းလမ်းသာရှိပါက လက်လှမ်းမီသော ပညာရေးစနစ်သည် ရဲထွန်းအား ကလေးအလုပ်သမားအဖြစ် အလုပ်လုပ်ရန်မလိုဘဲ ကျောင်းပြန်တက်စေရန်အတွက် အထောက်အပံ့ကောင်းဖြစ်နိုင်ပါသည်။

သင်ခန်းစာ (၅)၊ စာမျက်နှာ ၉

## လေ့လာမှုမှတ်တိုင်

လက်လှမ်းမီနိုင်သော ပညာရေးနှင့် အရည်အသွေးရှိသော ပညာရေး၏ ဝိသေသလက္ခဏာများကို သင်မှတ်မိသေးပါသလား။

အောက်ပါအတိုင်း ရွေးချယ်ထားလျှင် သင့် အဖြေမှန်ကန်ပါတယ်။

၁။ မိဘများသည် ကလေးများ၏ တိုးတက်မှုများကို စောင့်ကြည့်လေ့လာနိုင်ခြင်း။ (က)
၂။ ရပ်ရွာ၏ အဓိက ဝင်ငွေရရှိသည့် အရင်းအမြစ်နှင့်ဆက်နွှယ်သော အကြောင်းအရာများကို သင်ကြားမှုတွင် ထည့်သွင်းရေးဆွဲခြင်း (ခ)
၃။ ကလေးများနားလည်လွယ်သော ဘာသာစကားများပါဝင်သော သင်ထောက်ကူပစ္စည်းများ (ခ)
၄။ ကျောင်းသည် ရွာနှင့် လမ်းလျှောက်သွားလာနိုင်သည့် နေရာတွင် တည်ရှိခြင်း (က)
၅။ ကလေးများမှ လယ်တွင် သွားရောက်ကူညီနိုင်ရန် ဆန်စပါးရိတ်သိမ်းချိန်ကာလ၌ ကျောင်းကို ၅၀% သာ လည်ပတ်ခြင်း (က)
၆။ ပြည်တွင်း NGO များက ဆရာ/ဆရာမ အား လစာပေးရန်နှင့် လေ့ကျင့်ပေးရန် ထောက်ပံ့ပေးခြင်း (ခ)

သင်ခန်းစာ (၆)၊ စာမျက်နှာ ၁၂

## လေ့လာမှုမှတ်တိုင်

ရဲထွဋ်ကျောင်းပြန်တက်သောအခါ ရဲထွဋ်၏ဆရာသည် မည်သည့်အရာများကိုပြင်ဆင်ထားသင့်ပါသနည်း။

ရွေးချယ်စရာများထဲက (က) နှင့် (ဂ) ကိုရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။

ရဲထွဋ်၏ဆရာသည် ရဲထွဋ်၏အခြေအနေနှင့်ပတ်သက်၍ တတ်နိုင်သမျှ ပြည့်ပြည့်စုံစုံလေ့လာထားသင့်ပြီး ရဲထွဋ် ကျောင်းပြန်တက်ပြီး စာသင်နိုင်စေဖို့ လုံခြုံတဲ့ ပတ်ဝန်းကျင်တစ်ခု ဖန်တီးပေးဖို့ လိုပါသည်။

သင်ခန်းစာ (၇)၊ စာမျက်နှာ ၁၅

## လေ့လာမှုမှတ်တိုင်

ရဲထွဋ်ရဲ့ ညီမလေး နေ့စဉ် အမြတ်ထုတ်ခံရနိုင်ခြင်းအန္တရာယ်က ဘယ်လို ကာကွယ်နိုင်မလဲ။ သူမကို မှျတတဲ့ အခကြေးငွေခံစားခွင့်ပြုရဲ့လား ဆိုတာ ဘယ်လိုသိနိုင်မလဲ။

ရွေးချယ်စရာများထဲက (က) ကိုရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။

ကျောင်းပြင်ပပညာရေး (NFE) သည် ရဲထွဋ်၏ညီမလေးအား အမြတ်ထုတ်ခံရခြင်းရှိမရှိကို လေ့လာဆန်းစစ်နိုင်စေရန် ကူညီပေးပါလိမ့်မည်။ သူမသည် ဥပဒေကြောင်းအရ အလုပ်လုပ်နိုင်သည့်အရွယ်ဖြစ်ပါသည်။

သင်ခန်းစာ (၈)၊ စာမျက်နှာ ၁၆

အောက်ဖော်ပြပါ ပြဋ္ဌာန်းချက်များထဲမှ မည်သည့်ပြဋ္ဌာန်းချက်များသည် ကလေးတစ်ဦး၏လိုအပ်ချက်များကို ဖြည့်ဆည်းဖို့ သင့်လျော်သောကြောင့် WFCL အခြေအနေမှ ဖယ်ရှားပြီးနောက် ၎င်းတို့အား မည်ကဲ့သို့ ပြန်လည်ပေါင်းစည်းနိုင်မည်နည်း။

အဖြေ အားလုံးကို ရွေးခဲ့လျှင် သင့်အဖြေ မှန်ကန်ပါသည်။

အထက်ပါအချက်များအားလုံးသည်အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမားခိုင်းစေခြင်း ခံရသည့်အခြေအနေမျိုးတွင် လုပ်ဆောင်ပေးသင့်ပါသည်။

သင်ခန်းစာ (၈)၊ စာမျက်နှာ ၁၇

## လေ့လာမှုမှတ်တိုင်

သင့်အနေနဲ့ အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမားခိုင်းစေခြင်းဖြစ်စဉ်ရဲ့ ခက်ခဲရှုပ်ထွေးမှုတွေကို ဖော်ထုတ်ပြသ နိုင်ပါသလား။

ရွေးချယ်စရာများထဲက (ခ) နှင့် (ဂ) ကိုရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။

ရဲထွဋ်၏ညီမ ဝင်ငွေသည် မိသားစုအတွက် အဓိကဝင်ငွေဖြစ်ပြီး သူမ၏ အလုပ်မှနုတ်ထွက်မှုသည် မိသားစုအတွက် ရှုပ်ထွေးသောပြဿနာများ ဖြစ်လာနိုင်ပါသည်။ သူမ၏ ပညာရေးနှင့်ဝေးကွာနေမှုသည် စိန်ခေါ်မှုတစ်ခုဖြစ်ပြီး သူမ၏ အနာဂတ် တိုးတက်ရေးအတွက် နည်းပညာ၊ အသက်မွေးဝမ်းကျောင်းပညာနှင့် လေ့ကျင့်သင်ကြားရေး (TVET) နှင့် ကျောင်းပြင်ပပညာရေး (NFE) တို့တွင် တက်ရောက်ရန် လိုအပ်မည်ဖြစ်ပါသည်။ ရဲထွဋ်သည် ညီမဖြစ်သူ၏ရပိုင်ခွင့်များအကြောင်းကို ဆက်လက်လေ့လာရန် သူမ၏အလုပ်ရှိ အလုပ်သမားသမဂ္ဂနှင့် ချိတ်ဆက်နိုင်ပါသည်။

သင်ခန်းစာ (၉)၊ စာမျက်နှာ ၁၈

## မိမိကိုယ်ကို အကဲဖြတ် သုံးသပ်ခြင်း

မေးခွန်း ၁/၂

ဟေမာလိုမျိုး ကျောင်းတက်ရတဲ့အတွက် ဝင်ငွေပိုင်းဆိုင်ရာမှာ ထိခိုက်နစ်နာနေတဲ့ကိစ္စမျိုးမှာ ဆရာတစ်ဦးအနေနဲ့ ဘယ်လိုအဆင့်တွေ လုပ်ဆောင်ဖို့လိုအပ်ပါသလဲ။

ရွေးချယ်စရာများထဲက (က) နှင့် (ခ) ကိုရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။

ဆရာ ဦးမြင့် အနေနှင့် အတန်းထဲတွင် ကလေးအလုပ်သမားဖြစ်လာရန် အလားအလာရှိသော ကလေးအကြောင်းကို လူမှုဝန်ထမ်းဦးစီးဌာနနှင့် သွားရောက်တိုင်ပင်သင့်ပါသည်။ လူမှုဝန်ထမ်းတစ်ဦးနှင့်အတူ ဟေမာ့နေအိမ်ဆီ သွားရောက်ကြည့်ရှုသင့်ပြီး သူမ ကျောင်းဆက်တက်သင့်ပြီး မိသားစု၏ထောက်ပံ့မှု အရေးကြီးကြောင်းကို မိဘအုပ်ထိန်းသူနှင့် သဘောတူညီမှုရရှိအောင် လုပ်ဆောင်သင့်ပါသည်။

မေးခွန်း ၂/၂

ကျောင်းမှန်မှန်တက်ဖို့ အခက်အခဲရှိနေတဲ့ ဆာလိုမျိုး ကျောင်းသားတစ်ဦးကိုကူညီဖို့ ဆရာအနေနဲ့ ဘယ်လိုအဆင့်မျိုးတွေ လုပ်ဆောင်ဖို့လိုအပ်ပါသလဲ။

ရွေးချယ်စရာများထဲက (က) နှင့် (ဂ) ကိုရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။

ဆာတစ်ယောက် မိသားစုလယ်လုပ်ငန်းမှာ အလုပ်တွေမနိုင်မနင်းလုပ်နေရပြီး ကျောင်းတက်ဖို့ အခက်အခဲဖြစ်နေကြောင်းကို ဆရာ ဦးမြင့် အနေနဲ့ ကျောင်းအုပ်ကြီးတို့နဲ့အတူ မိဘဆရာများအသင်း (PTA)မှာ ဆွေးနွေးတိုင်ပင်သင့်ပါတယ်။ ဒါ့အပြင် ဆာအလုပ်အတွက် အများဆုံး အချိန်တစ်ခုသတ်မှတ်ကာ ကလေးအတွက် စာလုပ်ချိန်၊ ကစားချိန်နဲ့ အနားယူချိန်ကိုပါ သဘောတူညီချက်ရရန် လိုအပ်ပါတယ်။ ဒါ့အပြင် ဆာအနေနဲ့ ကလေးတွေအတွက် ပညာရေးဆိုင်ရာအခွင့်အရေးတွေကို နားလည်သဘောပေါက်ဖို့ အကြံပေးဆွေးနွေးပွဲတစ်ခုကို တက်ရောက်သင့်ပါတယ်။

## မြန်မာနိုင်ငံကလေးအလုပ်သမားဆိုင်ရာ အီလက်ထရောနစ်သင်ကြားရေး အစီအစဉ်သင်ခန်းစာပေါင်းချုပ်

### ကလေးအလုပ်သမားဆိုင်ရာ သိမြင်နားလည်မှုနှင့်အတူ ဆန့်ကျင်တိုက်ဖျက်ရန်အတွက် ဘက်ပေါင်းစုံမှပါဝင်ပတ်သက်သူများနှင့် ရပ်ရွာအဖွဲ့အစည်းများမှ လုပ်ပိုင်ခွင့်အားကောင်းလာစေခြင်း။

ကမ္ဘာပေါ်တွင် သန်းပေါင်းများစွာသော ကလေးများသည် ၎င်းတို့၏အခြေခံအခွင့်အရေး၊ ပညာရေးနှင့် ကလေးဘဝကို ဆုံးရှုံးနေရဆဲဖြစ်ပြီး ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးအတွက် ရပ်တည်ပေးဖို့ အရေးကြီးပါသည်။ “မြန်မာနိုင်ငံ ကလေးအလုပ်သမားဆိုင်ရာ အီလက်ထရောနစ်သင်ကြားရေးအစီအစဉ်” သည် ပျံ့နှံ့နေသော ကလေးအလုပ်သမားပြဿနာကို မီးမောင်းထိုးပြရန် ပုံဖော်ထုတ်ထားသည့် ပြီးပြည့်စုံသော အီလက်ထရောနစ် သင်ကြားရေး စနစ်ဖြစ်ပြီး သင်ယူလေ့လာသူများအား ကလေးအလုပ်သမားအရေးအား ထိရောက်စွာကိုင်တွယ် တိုက်ဖျက်ရန် အသိပညာနှင့် ကိရိယာများအဖြစ်ပံ့ပိုး ပြင်ဆင်ပေးထားပါသည်။
ထိတွေ့ဆွဲဆောင်မှုရှိသော မီဒီယာ အကြောင်းအရာများများမှတစ်ဆင့် ၊ အပြန်အလှန်အကျိုးပြုသည့် သင်ခန်းစာများနှင့် လက်တွေ့ဘဝဖြစ်ရပ်လေ့လာမှုများသည် ပါဝင်တက်ရောက်သူများအား ကလေးအလုပ်သမားပုံစံ အမျိုးမျိုး၊ ကလေးအလုပ်သမားဖြစ်ရသည့် အရင်းခံအကြောင်းတရားများနှင့် ၎င်းကလေးများ၏ဘဝ၊ မိသားစုများနှင့် လူ့အဖွဲ့အစည်းများအပေါ် လေးနက်သော သက်ရောက်မှုများကို လေ့လာနိုင်မည်ဖြစ်သည်။ ရှုပ်ထွေးနက်နဲသော ထောက်ပံ့ရေး ကွင်းဆက်များ၊ ဥပဒေပြုရေး၊ ပဋိပက္ခများနှင့် ကလေးလုပ်သားပပျောက်ရေးအတွက် ရည်ရွယ်သည့် ကမ္ဘာလုံးဆိုင်ရာ အစပျိုးမှုများ၊ ကာကွယ်တားဆီးရေးနှင့် ကြားဝင်ဆောင်ရွက်မှုများအတွက် လက်တွေ့ကျသော နည်းဗျူဟာများကို ရှာဖွေရန်ဖြစ်သည်။ သင်သည် သက်ဆိုင်ရာနိုင်ငံသား၊ ပညာပေးသူ၊ စစ်ဆေးရေးအရာရှိ၊ ဆရာ/မ၊ မူဝါဒချမှတ်သူ သို့မဟုတ် လုပ်ငန်းကျွမ်းကျင်သူဖြစ်စေ ဤသင်တန်းသည် သင့်အားခြားနားမှုတစ်ခုပြုလုပ်ရန် ပေးစွမ်းနိုင်ပါသည်။ ကလေးအလုပ်သမား၊ မတရားအလွဲသုံးစားလုပ်မှု၊ ခေါင်းပုံဖြတ်ခံရမှုများကို ရပ်တန့်ရန်နှင့် ကလေးများအားလုံး ၎င်းတို့၏ ကလေးဘဝနှင့်ဆိုင်သော အခြေခံအခွင့်အရေးများကို ခံစားရရှိစေပြီးဘေးကင်းလုံခြုံစွာ ပြုစုပျိုးထောင် ပေးခြင်းအားဖြင့် ပါဝင်ပတ်သက်သူများနှင့် ရပ်ရွာအဖွဲ့ဝင် များအားလုံးကို အခွင့်အာဏာပေးအပ်စေနိုင်ဖို့ရာ ကျွန်ုပ်တို့နဲ့အတူ ပါဝင်ကြဖို့ ဖိတ်ခေါ်အပ်ပါသည်။ ကျွန်ုပ်တို့နှင့်အတူ ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရာတွင် အပြောင်းအလဲအတွက် ချန်ပီယံဖြစ်ကြပါစို့လား။ မြန်မာနိုင်ငံ၏လက်ရှိအခြေအနေမှာ သင်ဟာ ကလေးအလုပ်သမားတိုက်ဖျက်ဖို့အတွက် အရေးကြီးဆုံးပုဂ္ဂိုလ် တစ်ဦး အဖြစ်ရှိနေပါသည်။


**Fundamental Principles and Rights at Work Branch (FUNDAMENTALS)**

International Labour Office
4 route des Morillons
CH-1211 Geneva 22 – Switzerland
T: +41 (0) 22 799 61 11
E: childlabour@ilo.org
W: ilo.org/childlabour
@ILO_Childlabour

**အိုင်အယ်လ်အိုဆက်သွယ်ညှိနှိုင်းရေးရုံး၊ မြန်မာနိုင်ငံ။**

အမှတ် ၁ (က) ၊ ကန်ဘဲ့ (သစ္စာ) လမ်း၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း : +၉၅ ၁၇၃၃၆၅၃၈၊ ~၉/ ၅၇၉၉၅၆ / ၅၇၈၉၂၅
ဖက်စ် : +၉၅ ၁၇၃၃၆၅၈၂
အီးမေးလ် : yangon@ilo.org



ISBN 978-92-2-039016-0